# ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှထုတ်ပယ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ မိဘလမ်းညွှန်

ဇန်နဝါရီလ 2025 ခုနှစ်



THE TEXAS LEGAL FRAMEWORK
for the Child-Centered Special Education Process
FW.ESCAPPS.NET

TEA Texas Education Agency
TEA.TEXAS.GOV/TEXASSPED

SPEDTEX Special Education Information Center
SPEDTEX.ORG

## မာတိကာ


**မိတ်ဆက် ..... 2**
**ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှထုတ်ပယ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ မိဘလမ်းညွှန် ..... 3**
**အစောပိုင်း ကလေးဘဝ ကြားဝင်ဆောင်ရွက်မှု ..... 3**
**(သူငယ်တန်းမတက်မီ) သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် ဝန်ဆောင်မှုများ ..... 3**
**ကျောင်းနေအရွယ် ကလေးအတွက် အကူအညီ ..... 3**
**ကြားဝင်ဆောင်ရွက်မှုကို တုံ့ပြန်ခြင်း အပါအဝင် အဆင့်များစွာ အထောက်အပံ့စနစ် ..... 4**
**ကနဦး အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် လွှဲပြောင်းပေးခြင်း ..... 4**
**ကြိုတင်အသိပေးစာ ..... 5**
**မိဘ သဘောတူညီချက် ..... 5**
**အကဲဖြတ်သုံးသပ်မှု လုပ်ထုံးလုပ်နည်းများ ..... 6**
**ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှထုတ်ပယ်ခြင်း (ARD) ပြုလုပ်သည့် ကော်မတီအစည်းအဝေးများ ..... 7**
**သတ်မှတ်ချက်ပြည့်မီမှု ..... 8**
**တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) ရေးဆွဲခြင်း ..... 9**
**လက်ရှိ ပညာရေးအောင်မြင်မှုအဆင့်များနှင့် အခြေခံလုပ်ရှားဆောင်ရွက်နိုင်စွမ်း ..... 10**
**နှစ်စဉ်ရည်မှန်းချက်များ ..... 10**
**အထူးပညာရေး၊ ဆက်စပ်ဝန်ဆောင်မှုများအပြင် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ ..... 11**
**ပြည်နယ် အကဲဖြတ်ချက်များ ..... 11**
**အကူးအပြောင်း ..... 11**
**အရွယ်ရောက်ပြီးသူ ကျောင်းသားများ ..... 13**
**အော်တစ်ဇင်ရှိသည့် ကလေးများ ..... 13**
**နားမကြားသော သို့မဟုတ် အကြားအာရုံ ချွတ်ယွင်းမှုရှိသော ကလေးများ ..... 13**
**မျက်မမြင် သို့မဟုတ် အမြင်အာရုံချွတ်ယွင်းမှုရှိသည့် ကလေးများ ..... 14**
**အပြုအမူပိုင်းဆိုင်ရာ တိုးတက်မှု သို့မဟုတ် ကြားဝင်ဆောင်ရွက်မှု အစီအစဉ် (BIP) ..... 14**
**ထပ်တိုး ကျောင်းစာသင်နှစ် ဝန်ဆောင်မှုများ (ESY) ..... 14**
**နေရာချထားမှု ..... 15**
**ARD ကော်မတီ ဆုံးဖြတ်ချက် ..... 15**
**IEP မိတ္တူ ..... 16**
**IEP ကို ပြန်လည်သုံးသပ်ခြင်း ..... 16**
**ပြန်လည်အကဲဖြတ်ခြင်း ..... 17**
**သီးခြား ပညာရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှု (IEE) ..... 17**
**ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ..... 18**
**အထက်တန်းကျောင်းပြီးဆုံးခြင်း ..... 18**
**စည်းမျဉ်းစည်းကမ်း ..... 19**
**အမြန်ဆောင်ရွက်ပေးသည့် ဥပဒေနှင့်အညီ ကြားနာမှု ..... 21**
**အငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း ..... 21**
**အပိုဆောင်း အကူအညီ ..... 21**


**မူပိုင်ခွင့် © 2025 ခုနှစ်။ တက္ကဆက်ပညာရေးအေဂျင်စီ။ မူပိုင်ခွင့်များ ရယူပြီး။**

## မိတ်ဆက်

တက္ကဆက် ပညာရေး ဥပဒေ §26.0081 ရှိ သတ်မှတ်ချက်ကို တုံ့ပြန်သောအားဖြင့် တက္ကဆက်ပညာရေးအေဂျင်စီ (TEA) က ဤလမ်းညွှန်ကို ရေးသားပြုစုထားပါသည်။ သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် သင်အပြည့်အဝ ပါဝင်နိုင်စေရေး အလို့ငှာ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်ပြည့်မီသည့် သို့မဟုတ် သတ်မှတ်ချက် ပြည့်မီနိုင်သည့် ကလေးတစ်ဦး၏ မိဘအနေဖြင့် သင်က အထူးပညာရေး လုပ်ငန်းစဉ်၊ သင်၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်များကို ပိုမိုကောင်းမွန်စွာ သဘောပေါက်စေရန် ဤလမ်းညွှန်ကို ရေးဆွဲထားပါသည်။

2004 ခုနှစ် မသန်စွမ်း ပညာရေး အက်ဥပဒေ (IDEA) သည် အထူးပညာရေး လုပ်ငန်းစဉ်ကို ကြီးကြပ်ထိန်းကျောင်းပေးသည့် ဖယ်ဒရယ် ဥပဒေတစ်ရပ်ဖြစ်ပါသည်။ IDEA ၏ ရည်ရွယ်ချက်များ အနက်တစ်ခုမှာ မသန်စွမ်းကလေးငယ်များအတွက် အထူးပညာရေးကို အလေးနက်ထားသည့် အခမဲ့ သင့်လျော်သော အစိုးရကျောင်းပညာရေး (FAPE) နှင့် ကလေးများ၏ ထူးခြားသော လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန် ပုံဖော်ထားသော ဆက်စပ်ဝန်ဆောင်မှုများကို ကလေးများထံသို့ မဖြစ်မနေပံ့ပိုးရန်နှင့် ရှေ့ဆက်ပညာရေး၊ အလုပ်အကိုင်နှင့် အမှီအခိုကင်းသည့် ဘဝရပ်တည်မှုတို့အတွက် ကလေးများကို ပြင်ဆင်ပေးရန် ဖြစ်သည်။ အထူးပညာရေး ဆိုသည်မှာ မသန်စွမ်း ကလေးတစ်ဦး၏ ထူးခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အထူးစီမံပုံဖော်ထားသည့် သင်ကြားပို့ချမှု ဖြစ်ပါသည်။ ဆက်စပ်ဝန်ဆောင်မှုမှာ ကလေးများသည် ၎င်းတို့၏ ပညာရေးနှင့် လက်တွေ့အသုံးဝင်သော ရည်မှန်းချက်များ တိုးတက်ဖြစ်ထွန်းမှုပြုလုပ်နိုင်ရေး ကျောင်းသားများ၏ အထူးပညာရေးကို အထောက်အကူ ပြုပေးရန် လိုအပ်သည့် အထူးဝန်ဆောင်မှုများ ဖြစ်သည်။ ဆက်စပ်ဝန်ဆောင်မှုများတွင် အလုပ်ပေး ကုထုံး၊ ကိုယ်ကာယ ကုထုံး၊ စကားတတ်မြောက်ရေး ကုထုံး၊ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုများ၊ အခြေအနေနှင့် အသားကျရေးနှင့် ရွေ့ပြောင်းသွားလာရေး ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ အစရှိသည့် ဝန်ဆောင်မှုများပါဝင်သည်။

IDEA အရ မိဘများ၏ ပါဝင်ဆောင်ရွက်မှုသည် အထူးပညာရေး လုပ်ငန်းစဉ်၏ အဆင့်တိုင်းအတွက် အရေးကြီးပါသည်။ ထိုလုပ်ငန်းစဉ်အတွင်း ပြုလုပ်နိုင်သည့် လှုပ်ရှားဆောင်ရွက်မှု အမျိုးမျိုးကို ဤလမ်းညွှန်တွင် ဖော်ပြထားပါသည်။ IDEA အောက်တွင် သင်ရရှိသည့် တရားဝင် အခွင့်အရေးများကို သင်ပိုမိုသိရှိနားလည်စေရန် အထူးပညာရေး လုပ်ငန်းစဉ်အတွင်း သတ်မှတ်ထားသော အချိန်များ၌ [လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်ပေးမှု သတိပေးချက် (လင့်ခ်- fw.escapps.net)](fw.escapps.net) ဟု ခေါ်ဆိုသည့် စာရွက် စာတမ်း မိတ္တူတစ်စောင်ကို ကျောင်းက သင့်ထံသို့ ပေးအပ်မည် ဖြစ်ပါသည်။ အနည်းဆုံးတစ်နှစ်တစ်ကြိမ်နှင့် အောက်ပါအခြေအနေတစ်ခုခု ဖြစ်ပွားသည့်အချိန်၌ စာရွက်စာတမ်းကို သင့်ထံသို့ ပေးအပ်ရမည်-

- သင့်ကလေးအား အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် သင်တောင်းဆိုသောအခါ သို့မဟုတ် လွှဲပြောင်းမှု ပြုလုပ်သောအခါ၊
- ကျောင်းစာသင်နှစ်အတွင်း ပထမဆုံးအကြိမ် ပြည်နယ်အဆင့် တိုင်ကြားမှုကို လက်ခံရရှိသည့်အခါ၊
- ကျောင်းစာသင်နှစ်အတွင်း ဥပဒေနှင့်အညီ ကြားနာမှု ပြုလုပ်ပေးရန် ပထမဆုံးအကြိမ် တောင်းဆိုချက်ကို လက်ခံရရှိသည့်အခါ၊
- စည်းကမ်းနှင့်အညီ နေရာချထားရေး အပြောင်းအလဲပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့နှင့်
- သင်က အသိပေးချက်မိတ္တူကို တောင်းဆိုသည့်အခါ။

TEA က ရေးသားပြုစုထားသော *မိဘများအတွက် အထူးပညာရေး ခြုံငုံသုံးသပ်ချက်ပုံစံ* ဟု ခေါ်သော စာရွက်စာတမ်းတစ်ခုကိုလည်း ကျောင်းက သင့်ထံသို့ ပေးအပ်ရန် လိုအပ်ပြီး သင့်ကလေးအား အထူးပညာရေး အကဲဖြတ်သုံးသပ်မှုအတွက် ကနဦး လွှဲပြောင်းချိန်တွင် ထိုစာရွက်စာတမ်းကို သင့်ထံသို့ ပေးအပ်ပါသည်။

တက္ကဆက် ပြည်နယ်တွင် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ အတွက် ကလေး၏ သတ်မှတ်ချက်ပြည့်မီမှုနှင့် ကလေး၏ အထူးပညာရေး အစီအစဉ်နှင့်ဆက်စပ်သော အဓိက ဆုံးဖြတ်ချက်အများစုကို ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှ ထုတ်ပယ်ခြင်း **(ARD)** ပြုလုပ်သည့် ကော်မတီ က ချမှတ်ပါသည်။ ဖယ်ဒရယ်ဥပဒေတွင် အသုံးပြုထားသည့် ဝေါဟာရဖြစ်သော တစ်ဦးချင်း ပညာရေးပရိုဂရမ် **(IEP)** အဖွဲ့ ဟု ရည်ညွှန်းသည့် ဤအုပ်စုကိုလည်း သင်ကြားသိကောင်းသိပြီးဖြစ်ပါလိမ့်မည်။ ARD ကော်မတီ တစ်ရပ်ကို သင့်ကလေးအတွက် ဖွဲ့စည်းထားပါက သင်သည် ထိုကော်မတီဝင်တစ်ဦး ဖြစ်ပါလိမ့်မည်။

ဖယ်ဒရယ် ဥပဒေများနှင့် ပြည်နယ်အထူးပြု ပညာရေး သတ်မှတ်ချက်များ အပြောင်းအလဲဖြစ်သည် အချိန်ကာလနှင့်အညီ ဤလမ်းညွှန်ကို ပြင်ဆင်ဖြည့်စွက်သွားမည်။ ပုံနှိပ်ထုတ်ဝေနိုင်သည့် အီလက်ထရောနစ်ဗားရှင်းကို ဒေသ 18 ပညာရေး ဝန်ဆောင်မှု စင်တာ၏ ဝက်ဘ်စာမျက်နှာအောက်ရှိ ကလေးဗဟိုပြု အထူးပညာရေးလုပ်ငန်းစဉ် အတွက် ဥပဒေရေးရာ မူဘောင် [(လင့်ခ်- fw.escapps.net)](fw.escapps.net) ၌ ရယူနိုင်ပါသည်။

အထူးပညာရေး လုပ်ငန်းစဉ်တွင် ရက်စွဲများနှင့် နောက်ဆုံး ဆောင်ရွက်ရမည့် ရက်စွဲများစွာ ပါဝင်သည်။ ဤပုံနှိပ်ထုတ်ဝေမှုတွင် ဤအရေးကြီး ရက်စွဲများနှင့် နောက်ဆုံး ဆောင်ရွက်ရမည့် ရက်စွဲများစွာ ဖော်ပြထားပါသည်။ ထို့အပြင် အထူးပညာရေး အကဲဖြတ်သုံးသပ်မှု ပြုလုပ်သည့် အချိန်ကာလများအကြောင်း မေးခွန်းများကို ကူညီဖြေကြားရန် အထောက်အကူပြု စာရွက်စာတမ်းတစ်ခုကိုလည်း အွန်လိုင်းမှ ရရှိနိုင်ပါသည်။ [*အထူးပညာရေးဆိုင်ရာ ပြီးပြည့်စုံသော တစ်ဦးချင်း ကနဦး အကဲဖြတ်သုံးသပ်မှု (FIIE) အချိန်ကာလကို ဤနေရာတွင် ကြည့်ရှုနိုင်သည်*](https://bit.ly/3V5feWG) [(လင့်ခ်- https://bit.ly/3V5feWG)](https://bit.ly/3V5feWG)။

# ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှထုတ်ပယ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ မိဘလမ်းညွှန်

## အစောပိုင်း ကလေးဘဝ ကြားဝင်ဆောင်ရွက်မှု

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုရှိသော နို့စို့အရွယ် ကလေးများနှင့် လမ်းလျှောက်တတ်စ ကလေးများရှိသော မိသားစုများအတွက် အကူအညီ ရယူနိုင်သည်။ ဤအစောပိုင်း ကြားဝင်ဆောင်ရွက်မှု ဝန်ဆောင်မှုများကို ပံ့ပိုးပေးသော တက္ကဆက်ပြည်နယ်မှ အေဂျင်စီသည် တက္ကဆက် ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ကော်မရှင် ဖြစ်ပါသည်။ အလွန်ငယ်ရွယ်သော ကလေးများအတွက် အစီအစဉ်ကို အစောပိုင်း ကလေးဘဝ ကြားဝင်ဆောင်ရွက်မှု (**ECI**) ဟု ခေါ်သည်။ ယင်းဝန်ဆောင်မှုများသည် အသက် သုံးနှစ်အောက် ကလေးများအတွက်ဖြစ်သည်။

အသက်သုံးနှစ်တွင် မသန်စွမ်းကလေးများသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက် ပြည့်မီနိုင်ပါသည်။ ထိုသို့ဆက်လုပ်ပါက ကလေး၏ ကျောင်းခရိုင်သည် ကလေး တတိယမြောက် မွေးနေ့တွင် ကလေးအတွက် FAPE ရရှိကြောင်း သေချာစေရန် တာဝန်ရှိပါသည်။ ECI ဝန်ဆောင်မှုများ ရရှိသော ကလေးများ အားလုံးသည် အစိုးရကျောင်းက ပံ့ပိုးပေးထားသော ဝန်ဆောင်မှုများ ရရှိရန် သတ်မှတ်ချက်နှင့် ကိုက်ညီမည် မဟုတ်ပါ။ ထို့ကြောင့် ECI ဝန်ဆောင်မှုများကို ရရှိနေသည့် လမ်းလျှောက် တတ်စ ကလေးတစ်ဦးသည် အသက်သုံးနှစ်မပြည့်မီ အနည်းဆုံး ပြက္ခဒိန် ရက်ပေါင်း 90 အတွင်း ECI ဝန်ဆောင်မှုများမှ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများသို့ အကူးအပြောင်းပြုလုပ်ပုံနှင့် ဆက်စပ်ပြီး မိသားစုကို အကူအညီပေးရန် သင့်လျော်သလို အစည်းအဝေးတစ်ရပ်ကို စီစဉ်သွားပါမည်။ ကလေးတစ်ဦးက အရည်အချင်းပြည့်မီလျှင် ကလေးအသက်သုံးနှစ်ပြည့်သည့်နေ့၌ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို သူ သို့မဟုတ် သူမရရှိအောင် ဆောင်ရွက်ပေးရပါမည်။ *Beyond ECI* သည် ကလေးသူငယ် အတွက် ကြားဝင်ဆောင်ရွက်မှု အစီအစဉ်မှ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများသို့ အကူးအပြောင်းပြုလုပ်ပုံ အချက်အလက်ပါဝင်သည့် ပုံနှိပ်စာစောင်တစ်ရပ်ဖြစ်ပါသည်။ ဤပုံနှိပ် စာစောင် *Beyond ECI* ကို ဤနေရာတွင် ရယူနိုင်သည် (လင့်ခ်- bit.ly/35G7y3E)။

နားမကြား သို့မဟုတ် နားလေးသည့် ကလေး သို့မဟုတ် အမြင်အာရုံချွတ်ယွင်းချက်ရှိသော ကလေးအဖြစ် သတ်မှတ်ချက်ပြည့်မီသော မွေးစမှ အသက် 3 နှစ်အထိ ကလေးများသည် အစိုးရကျောင်းများတွင် ECI နှင့် အထူးပညာရေး ဝန်ဆောင်မှု နှစ်မျိုးလုံးကို ရပိုင်ခွင့်ရှိသည်။ အစိုးရကျောင်း၏ အထူးပညာရေး ဝန်ဆောင်မှုများသည် ဤကဲ့သို့ ချွတ်ယွင်းချက်ရှိသော ကလေးများအတွက် ECI ဝန်ဆောင်မှုများ ပံ့ပိုး ပေးခြင်းဖြင့် ဖြည့်စွက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးပါမည်။

## (သူငယ်တန်းမတက်မီ) သုံးနှစ်မှ ငါးနှစ်အရွယ် ကလေးများအတွက် ဝန်ဆောင်မှုများ

အသက်သုံးနှစ်နှင့် ငါးနှစ်ကြား သတ်မှတ်ချက်ပြည့်မီသော ကလေးများအတွက်လည်း အကူအညီ ရရှိနိုင်ပြီး အဆိုပါဝန်ဆောင်မှုများကို အစောပိုင်း ကလေးဘဝ အထူးပညာရေး (ECSE) ဝန်ဆောင်မှုများအဖြစ် ရည်ညွှန်းသည်။ အဆိုပါကလေးများမှ အချို့သည် အထက်တွင် ဖော်ပြထားသည့်အတိုင်း ECI ဝန်ဆောင်မှုများမှ ကူးပြောင်းသည့် အသက်သုံးနှစ်တွင် ဝန်ဆောင်မှုများကို စတင်လက်ခံရရှိသည်။ သို့သော် အခြားသောကလေးများကိုမူ ကလေး၏ လေ့လာသင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ မိဘက စိုးရိမ်ပူပန်သည့်အခါ တောင်းဆိုမှုများကဲ့သို့ အခြားလွှဲပြောင်းမှုများပေါ်အခြေခံ၍ အကဲဖြတ်သုံးသပ်၍ ဖော်ထုတ်သတ်မှတ်သည်။ ECSE ဝန်ဆောင်မှုများကို မတူညီသော ပတ်ဝန်းကျင်များနှင့် အကန့်အသတ်ရှိသော အခြေအနေများတွင် ပံ့ပိုးပေးသည်၊ ကလေးအချို့သည် အသက်သုံးနှစ်နှင့် လေးနှစ်ပြည့်သည့်အခါ ပုဂ္ဂလိကကျောင်းနေရာနှင့် အစိုးရကျောင်းနေရာတွင် နှစ်မျိုးစာရင်းသွင်းခွင့်ရှိသည်။

## ကျောင်းနေအရွယ် ကလေးအတွက် အကူအညီ

သင်၏ ကျောင်းနေအရွယ် (အနည်းဆုံး အသက် 5 နှစ်ပြည့်ပြီးသည့် သို့မဟုတ် အသက် 5 နှစ်အောက်ဖြစ်ပါက သူငယ်တန်းတက်မည့်) ကလေး၏ သင်ယူလေ့လာမှု သို့မဟုတ် အပြုအမူနှင့်စပ်လျဉ်း၍ သင့်တွင် စိုးရိမ်မှု ရှိနေလျှင် ပထမဆုံးလုပ်ဆောင်ရမည့်အဆင့်မှာ သင့်စိုးရိမ်မှုများကို ကလေး၏ ဆရာထံဖြစ်စေ၊ ကျောင်းအုပ်ကြီးထံဖြစ်စေ ပြောပြဆွေးနွေး ခြင်းဖြစ်သည်။ ဤအဆင့်မအောင်မြင်ပါက ကလေးများတွင် ရှိနေသည့် သင်ယူလေ့လာမှုဆိုင်ရာ သို့မဟုတ် အပြုအမူဆိုင်ရာ စိုးရိမ်မှုတစ်ခုခုကို ဖြေရှင်းရန်အတွက် ပုံမှန်တွေ့ဆုံ ဆွေးနွေးသည့် ဆရာများနှင့် အခြားဝန်ထမ်းများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သော ကျောင်းအခြေပြု ကျောင်းသားအထောက်အပံ့အဖွဲ့သို့ လွှဲပြောင်းခြင်းအကြောင်းကို ကျောင်းဝန်ထမ်းအား မေးမြန်းသင့်သည်။

အထွေထွေပညာရေး စာသင်ခန်းတွင် အခက်ကြုံနေရသည့် ကျောင်းသားများအား အစပိုင်းတွင် ကြားဝင်ဆောင်ရွက်မှုများနှင့် အထောက်အပံ့ ဝန်ဆောင်မှုများ အတွက် ထည့်သွင်းစဉ်းစားရမည် သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုများနှင့် အထောက်အပံ့ ဝန်ဆောင်မှုများ လက်ခံရရှိမည့်အစား IDEA အောက်တွင် အထူးပညာရေး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးရမည်။ ကြားဝင်ဆောင်ရွက်မှု များနှင့် အထောက်အပံ့ ဝန်ဆောင်မှုများ ပံ့ပိုးထားသည့်တိုင် ကျောင်းသားတစ်ဦးသည် အထွေထွေပညာရေး စာသင်ခန်းတွင် ဆက်လက်၍ အခက်ကြုံနေရပါက သို့မဟုတ် အဆိုပါကြားဝင်ဆောင်ရွက်မှုများနှင့် အကူအညီ ဝန်ဆောင်မှုများ ပံ့ပိုးရုံမျှဖြင့် ကျောင်းသား၏ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက သို့မဟုတ် ကျောင်းသားတွင် မသန်စွမ်းမှုတစ်ခုရှိသည်ဟု မည်သည့်အချိန်တွင်မဆို ကျောင်းက သံသယရှိပြီး သို့မဟုတ် ထိုသို့သံသယဖြစ်ရသည့် အကြောင်းရင်းရှိပြီး အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လိုအပ်နိုင်ခြေရှိပါက ကျောင်းအနေဖြင့် အဆိုပါကျောင်းသားကို IDEA အရ ပြီးပြည့်စုံသော တစ်ဦးချင်း ကနဦး

အကဲဖြတ် သုံးသပ်မှုဆောင်ရွက်ရန်အတွက် လွှဲပြောင်းပေးရမည်။ ပြီးပြည့်စုံသော တစ်ဦးချင်း ကနဦး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ရန် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်အချိန်ကာလ တစ်ခုအထိ ကျောင်းသားအား ကြားဝင်ဆောင်ရွက်မှုများနှင့် အထောက်အပံ့ ဝန်ဆောင်မှုများ ပေးအပ်ရန် မလိုအပ်ပါ။ ပြီးပြည့်စုံသော တစ်ဦးချင်း ကနဦး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ရန် လွှဲပြောင်းမှု သို့မဟုတ် တောင်းဆိုမှုကို ကျောင်းဝန်ထမ်း၊ ကျောင်းသား၏ မိဘများ သို့မဟုတ် တရားဝင် အုပ်ထိန်းသူ သို့မဟုတ် ကျောင်းသား၏ ပညာရေး သို့မဟုတ် စောင့်ရှောက်မှုတွင် ပါဝင်သည့် အခြားသူတစ်ဦးက အချိန်မရွေး ပြုလုပ်နိုင်သည်။

## ကြားဝင်ဆောင်ရွက်မှုကို တုံ့ပြန်ခြင်း အပါအဝင် အဆင့်များစွာ အထောက်အပံ့စနစ်

ကျောင်းတစ်ကျောင်းစီသည် ပညာရေးဆိုင်ရာ အထောက်အပံ့များနှင့် ပညာရေးနှင့်မသက်ဆိုင်သော အထောက်အပံ့များ ပါဝင်သည့် ကြားဝင်ဆောင်ရွက်မှုများနှင့် အထောက်အပံ့ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အဆင့်များစွာ အထောက်အပံ့စနစ် (MTSS) ကို လည်ပတ်လုပ်ဆောင်ရမည်။ ကြားဝင်ဆောင်ရွက်မှုကို တုံ့ပြန်ခြင်း (RtI) သည် ကျောင်းများစွာက ၎င်းတို့၏ MTSS တွင် အသုံးပြုသည့် ချဉ်းကပ်နည်းဖြစ်သည်။ RtI ချဉ်းကပ်နည်း၏ အခြေခံ အစိတ်အပိုင်းများမှာ- အထွေထွေပညာရေး စာသင်ခန်း၌ သိပ္ပံနည်းကျ သုတေသန အခြေပြု သင်ကြားပို့ချမှုနှင့် ကြားဝင်ဆောင်ရွက်မှုများ ပံ့ပိုးပေးခြင်း၊ ကြားဝင်ဆောင်ရွက်မှုများကို တုံ့ပြန်ရာတွင် ကလေး၏ တိုးတက်မှုကို စောင့်ကြည့်လေ့လာခြင်းနှင့် တိုင်းတာခြင်း၊ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဤတိုးတက်မှု တိုင်းတာချက်များကို အသုံးပြုခြင်းတို့ ဖြစ်သည်။

RtI ချဉ်းကပ်နည်းသည် MTSS ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၎င်းတွင် အဆင့်သတ်မှတ်ချက်တစ်ခုစီ သို့မဟုတ် အဆင့်တစ်ခုစီတိုင်းသည် တိုးမြင့်လာသည့် အထူးကြပ်မတ် ကြားဝင်ဆောင်ရွက်မှုအဆင့်ကို ကိုယ်စားပြုသည်။ ကလေးက သင့်တင့်လျောက်ပတ်စွာ တိုးတက်မှုမရှိမချင်း တိုးတက်မှုစောင့်ကြည့်လေ့လာခြင်းအပေါ် အခြေခံ၍ ကလေးအား ပံ့ပိုးထားသည့် ကြားဝင်ဆောင်ရွက်မှုများကို အစဉ်မပြတ် ချိန်ညှိ သွားမည်။ သင့်တော်သော အချိန်ကာလစ်ခုအတွင်း ကနဦးကြားဝင်ဆောင်ရွက်မှုအပေါ် တုန့်ပြန်မှုမရှိသော ကလေးများကို သုတေသနမှ အကြံပြုထားသည့်အတိုင်း ပိုမို ပြင်းထန်သည့် ကြားဝင်ဆောင်ရွက်မှုများ ထပ်လုပ်ရေး လွှဲပြောင်းပေးသွားမည်။ များသောအားဖြင့် ကြားဝင်ဆောင်ရွက်မှု ပြုလုပ်ပြီးချိန်မှ ခြောက်ပတ်ပြည့်သည့်နောက်တွင် သင့်ကျောင်းသည် နောက်လုပ်ရမည့်အဆင့်များ (ဥပမာ၊ ဆက်လက် ကြားဝင်ဆောင်ရွက်မှု၊ အရှိန်မြှင့် ကြားဝင်ဆောင်ရွက်မှု၊ အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် လွှဲပြောင်းမှု) အတွက် ဆုံးဖြတ်ချက်ချရန် လုံလောက်သော ဒေတာများ ရရှိပါမည်။ ဆုံးဖြတ်ချက်ချရန် အချိန်ကာလ သည် ကြားဝင်ဆောင်ရွက်မှု များ၏ အကြိမ်ရေ/ကြာချိန်နှင့် မျှော်မှန်းထားသည့် အရည်အချင်းများပေါ်တွင် မူတည်ပါသည်။

အထူးပညာရေးထံသို့ လွှဲပြောင်းမှု မပြုလုပ်မီ RtI စနစ်ပါ အဆင့်တစ်ခုချင်းစီကို ကလေးက အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ရန် မလိုအပ်ပါ။ အထွေထွေပညာရေး ကြားဝင် ဆောင်ရွက်မှုများက လုံလောက်မှု မရှိပုံပေါ်သည်နှင့် ကျောင်းဝန်ထမ်းသည် ကလေးတွင် မသန်စွမ်းမှု ရှိမရှိကို စစ်ဆေးသင့်ပြီး လွှဲပြောင်းမှုတစ်ရပ်ကို အစပြုဆောင်ရွက်သင့်ပါသည်။ အထွေထွေပညာရေး ကြားဝင်ဆောင်ရွက်ခြင်းများက လုံလောက်မှု ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အရေးကြီးသော ထည့်သွင်းစဉ်းစားရမည့်အရာများတွင် ကြားဝင်ဆောင်ရွက်မှု မှတ်တမ်းနှင့် ကျောင်းသား၏ တိုးတက်မှု အဆင့်ဆင့် စောင့်ကြည့်ရေးဒေတာများ (အောင်မြင်မှုကွာဟချက်များကို လျှော့ချရန်အတွက် လက်ရှိ တိုးတက်မှုနှင့် လှုပ်ရှားမှုနှုန်း) ကို ပြန်လည်သုံးသပ်မှု ပါဝင်သည်။ RtI စနစ်မှတစ်ဆင့် ကလေးက ကြားဝင်ဆောင်ရွက်မှုများ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မိဘများအနေဖြင့် လွှဲပြောင်းမှုတစ်ရပ်ကို အချိန်မရွေး တောင်းဆိုနိုင်ပါသည်။ IDEA အရ မသန်စွမ်းမှုဖြစ်နေသည်ဟု သံသယရှိသည့် ကလေးကို အချိန်နှင့်တစ်ပြေးညီ အကဲဖြတ်မှုကို နှောင့်နှေးစေရန် သို့မဟုတ် ငြင်းဆိုရန် RtI မဟာဗျူဟာများကို အသုံးမပြုနိုင်ပါ။ RtI လုပ်ငန်းစဉ်နှင့်ပတ်သက်သော နောက်ထပ် အချက်အလက်ကို ဤနေရာတွင် ရယူနိုင်သည် (လင့်ခ်- bit.ly/3nDMTDu)။

## ကနဦး အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် လွှဲပြောင်းပေးခြင်း

သင့်ကလေးတွင် မသန်စွမ်းမှုရှိပြီး IDEA အရ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လိုအပ်သည်ဟု ကျောင်းက သံသယရှိသည့် မည်သည့်အချိန်တွင်မဆို သင့်သဘော တူညီချက်ကို ရယူပြီး အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် ကနဦး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ရန် ကျောင်းတွင် အခိုင်အမာ တာဝန်ရှိပါသည်။ သင့်ကလေးအား ကနဦး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ပေး ရန်လည်း မည်သည့်အချိန်တွင်မဆို သင် တောင်းဆိုနိုင်သည်။

အထူးပညာရေးအတွက် သတ်မှတ်ချက်ပြည့်မီမှုရှိ၊ မရှိကို ကနဦး အကဲဖြတ်သုံးသပ်မှု ဆောင်ရွက်ပေးစေရန် ဒေသဆိုင်ရာ ပညာရေးအေဂျင်စီ၏ (LEA ၏) အထူးပညာရေး ဝန်ဆောင်မှု ညွှန်ကြားရေးမှူးထံ သို့မဟုတ် ကျောင်းအုပ်ကြီးကဲ့သို့ ခရိုင်အုပ်ချုပ်ရေး ဝန်ထမ်းတစ်ဦးထံ စာဖြင့်ရေးသား၍ သင်တောင်းဆိုပါက ကျောင်းသည် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့မှ ကျောင်းဖွင့်ရက် 15 ရက်မြောက်နေ့ထက် နောက်မကျဘဲ အောက်ပါတစ်ခုခုကို သင့်ထံသို့ ပေးအပ်ရမည်- 1) အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် ၎င်း၏ အဆိုပြုချက်အကြောင်း ကြိုတင်အသိပေးစာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ အသိပေးချက်၏ မိတ္တူ (လင့်ခ်- fw.escapps.net)၊ TEA က ရေးသားပြုစုထားသည့် မိဘများအတွက် အထူးပညာရေး ခြုံငုံသုံးသပ်ချက်၏ မိတ္တူနှင့် အကဲဖြတ်သုံးသပ်မှုအတွက် စာဖြင့်သဘောတူညီချက်ပေးရန် အခွင့်အရေး သို့မဟုတ် 2) သင့်ကလေးကို အကဲဖြတ် သုံးသပ်ရန် ၎င်း၏ငြင်းဆိုမှု အကြောင်း ကြိုတင်အသိပေးစာ၊ လုပ်ထုံးဆိုင်ရာ အကာအကွယ်ပေးမှု သတိပေးချက်၏ မိတ္တူ (လင့်ခ်- fw.escapps.net) နှင့် TEA က ရေးသားပြုစု ထားသည့် မိဘများအတွက် အထူးပညာရေး ခြုံငုံသုံးသပ်ချက် ပုံစံ၏ မိတ္တူတစ်စုံ။ ကျောင်းသည် အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် လွှဲပြောင်းမှုကို စတင်သည့်အခါ သင့်အား ဤအချက်အလက်များကိုလည်း ပံ့ပိုးပေးရမည်။

အထူးပညာရေး အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန်အတွက် နှုတ်ဖြင့်တောင်းဆိုခြင်းလည်း ရှိနိုင်ပြီး ထိုသို့ပြုလုပ်ပါက စာဖြင့်ရေးသားရန် မလိုအပ်ကြောင်း မှတ်သားထားပေးပါ။ ခရိုင်များနှင့် ချာတာကျောင်းများ သည် ဖက်ဒရယ် ပြည်ထောင်စု အသိပေးချက်ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း လိုက်နာရန် လိုအပ်ပြီး မသန်စွမ်းမှု ရှိသောပြီး

အထူးပညာရေးကိုလိုအပ်နေသော ကလေးတစ်ဦးအဖြစ် သံသယရှိသည့် ကလေးများကို ခွဲခြားဖော်ထုတ်ခြင်း၊ နေရာချထားခြင်းနှင့် အကဲဖြတ်စိစစ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုလည်း လိုက်နာရပါမည်။ နှုတ်ဖြင့် တောင်းဆိုမှုများကို တုံ့ပြန်ခြင်းအတွက် သီးခြား အချိန်ကာလ သတ်မှတ်ချက်မရှိပါ၊ သို့သော် ကျောင်းများအနေဖြင့် အထက်တွင်ဖော်ပြထားသော တူညီသည့် ကျောင်းဖွင့်ရက် 15 ရက်အချိန်ကာလကို လိုက်နာရန် တိုက်တွန်းပါသည်။

## ကြိုတင်အသိပေးစာ

IDEA အောက်ရှိ သင်၏အခွင့်အရေးများအနက် တစ်ခုမှာ ကျောင်းမှ အမှန်တကယ် အရေးယူဆောင်ရွက်မှုတစ်ခုခု မလုပ်မီ သို့မဟုတ် အရေးယူဆောင်ရွက်ရန် မငြင်းဆိုမီ သင့်ကလေးနှင့်ပတ်သက်၍ အချို့သော လုပ်ဆောင်ချက်များ သို့မဟုတ် မလုပ်ဆောင်မှုများအကြောင်း သင့်ထံ ကြိုတင်အသိပေးစာကို သင့်လျော်သော အချိန်အတွင်း သင်လက်ခံရရှိ ခွင့်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသည် အောက်ပါအချိန်များတွင် သင့်ထံသို့ ကြိုတင်အသိပေးစာကို သင့်၏မိခင်ဘာသာစကားဖြင့်ဖြစ်စေ အခြားဆက်သွယ်ပြောဆိုသည့် နည်းဖြင့်ဖြစ်စေ ပေးအပ်ရမည်-

- သင့်ကလေးအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်သတ်မှတ်မှု၊ အကဲဖြတ်သုံးသပ်မှု၊ သင့်ကလေး၏ ပညာရေး အစီအစဉ် သို့မဟုတ် သင့်ကလေးအား ပညာရေးဆိုင်ရာ နေရာချထားမှု သို့မဟုတ် (အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများပါသော အစဉ်တစိုက်ထောက်ပံ့မှုအတွက် သင့်သဘောတူညီချက် ပျက်ပြယ်မှုကြောင့် ရုတ်တရက်အပြောင်းအလဲတစ်ရပ် အပါအဝင်) သင့်ကလေးထံသို့ FAPE ပံ့ပိုးပေးခြင်းများကို စတင်လုပ်ဆောင်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုသည့်အခါ သို့မဟုတ်
- သင့်ကလေးအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်သတ်မှတ်မှု၊ အကဲဖြတ်သုံးသပ်မှု၊ သင့်ကလေး၏ ပညာရေး အစီအစဉ် သို့မဟုတ် သင့်ကလေးအား ပညာရေး ဆိုင်ရာ နေရာချထားမှု သို့မဟုတ် သင့်ကလေးထံသို့ FAPE ပံ့ပိုးပေးခြင်းကို စတင်လုပ်ဆောင်ရန် သို့မဟုတ် ပြောင်းလဲရန် ငြင်းဆိုသည့်အခါ။

ကျောင်းက အဆိုပြုမှု သို့မဟုတ် ငြင်းဆိုမှုလုပ်တော့မည့်အခါ ပိုတိုတောင်းသည့်အချိန်ကို သင်သဘောမတူထားပါက ကြိုတင်အသိပေးစာကို အနည်းဆုံး ကျောင်းဖွင့်ရက် ငါးရက်ကြိုတင်၍ သင့်အား ပေးအပ်ရမည်။ အပြောင်းအလဲကို သင်သဘောတူခြင်း ရှိ၊ မရှိ သို့မဟုတ် တောင်းဆိုခြင်း ရှိ၊ မရှိအပေါ် အခြေခံခြင်းမရှိဘဲ ကြိုတင်အသိပေးစာကို ကျောင်းကပေးအပ်ရမည်။

ကြိုတင်အသိပေးစာတွင် အောက်ပါ အချက်အလက်များ ပါဝင်ရမည်-

(1) ကျောင်းက အဆိုပြုထားသော သို့မဟုတ် ငြင်းဆိုထားသော ဆောင်ရွက်ချက်အကြောင်း ဖော်ပြချက်၊
(2) ကျောင်းက ၎င်းကို ဆောင်ရွက်ရန် အဆိုပြုရသည့် သို့မဟုတ် ငြင်းပယ်ရသည့် အကြောင်းရင်း ရှင်းလင်းချက်၊
(3) အဆိုပြုထားသော သို့မဟုတ် ငြင်းဆိုထားသော ဆောင်ရွက်ချက်အတွက် အခြေခံအကြောင်းရင်းအဖြစ် ကျောင်းက အသုံးပြုသည့် အကဲဖြတ်သုံးသပ်မှု လုပ်ထုံးလုပ်နည်း၊ အကဲဖြတ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ အသီးသီး၏ ရှင်းလင်းဖော်ပြချက်၊
(4) မသန်စွမ်းကလေး၏ မိဘများကို ဤအပိုင်း၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များဖြင့် ကာကွယ်ပေးထားကြောင်း ဖော်ပြချက်နှင့် ဤအသိပေးချက်သည် အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် ကနဦး ရည်ညွှန်းလွှဲပြောင်းစာ မဟုတ်ပါက လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်များ၏ ရှင်းလင်းဖော်ပြချက် မိတ္တူကို ရယူနိုင်သည့် နည်းလမ်းများ၊
(5) အထူးပညာရေးဆိုင်ရာ သတ်မှတ်ချက်များကို နားလည်သဘောပေါက်ရန်အတွက် အကူအညီရယူရန် မိဘများအနေဖြင့် ဆက်သွယ်ရမည့် အရင်းအမြစ်များ၊
(6) ARD ကော်မတီက ထည့်သွင်းစဉ်းစားထားသည့် အခြားရွေးချယ်မှုများ၏ ဖော်ပြချက်နှင့် အဆိုပါရွေးချယ်မှုများကို ငြင်းဆိုရသည့် အကြောင်းရင်းအပြင်
(7) ကျောင်း၏ အဆိုပြုချက် သို့မဟုတ် ငြင်းဆိုချက်နှင့် သက်ဆိုင်သည့် အခြားအကြောင်းရင်းများ၏ ဖော်ပြချက်။

## မိဘ သဘောတူညီချက်

ကျောင်းသည် သင်၏ သဘောတူညီချက်ကို မရရှိပါက အထူးပညာရေးလုပ်ငန်းစဉ်တွင် ရှေ့ဆက်ဆောင်ရွက်မရနိုင်သည့် လုပ်ရှားမှုအချို့ရှိပါသည်။ အဆိုပြုထားသည့် လှုပ်ရှားမှု ဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်ကောင်းများ ချမှတ်နိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်အားလုံးအကြောင်းကို ကျောင်းက သင့်ထံသို့ လုံးလုံးလျားလျား အသိပေးရမည်။
အချက်အလက်များကို သင့်မိခင်ဘာသာစကား သို့မဟုတ် အခြားဆက်သွယ်ပြောဆိုပုံဖြင့် ပေးအပ်ရန် သိသာထင်ရှားစွာ မဖြစ်နိုင်ခြင်းမရှိပါက ၎င်းအချက်အလက်များကို ထိုနည်းလမ်းဖြင့် ပေးဆောင်ရမည်။ ထုတ်ပြန်ရမည့် မှတ်တမ်းမှတ်ရာများရှိပါက ထိုမှတ်တမ်းများကို ကျောင်းကစာရင်းပြုစုရမည်ဖြစ်ပြီး မည်သူတို့ထံထုတ်ပြန်မည်ကို ဖော်ပြရမည်။

သင်သဘောတူညီချက်ပေးသောအခါ သင့်သဘောတူညီချက်ကိုလိုအပ်သည့် ၎င်းလုပ်ဆောင်ချက်များကို သင်နားလည်သဘောပေါက်ပြီး ကျောင်းကလုပ်ဆောင်ရန်အတွက်

စာဖြင့် သဘောတူကြောင်း ဖော်ပြရာ ရောက်သည်။ သဘောတူညီချက်ပေးခြင်းမှာ ဆန္ဒအလျောက်ဖြစ်ပြီး လုပ်ဆောင်ချက်မဆောင်ရွက်မီ အချိန်မရွေးပယ်ဖျက်နိုင်ကြောင်း သင်ကောင်းစွာနားလည်ထားရန်မှာ အရေးကြီးပါသည်။ သို့သော် လုပ်ဆောင်ချက်တစ်ရပ်အတွက် သင့်သဘောတူညီချက်ကို ပယ်ဖျက်လိုက်လျှင် ပယ်ဖျက်မှုမှာ အတည်ဖြစ်ပြီး နောက်ကြောင်းပြန်လှည့်၍ မရပါ။

အောက်ပါတို့မှာ သင့်သဘောတူညီချက်လိုအပ်သည့် ဥပမာလုပ်ဆောင်ချက်များ ဖြစ်သည်-

- သင့်ကလေးကို ပထမဦးဆုံးအကြိမ် အကဲဖြတ်ခြင်း၊
- သင့်ကလေးကို သုံးနှစ်တစ်ကြိမ် ပြန်လည်အကဲဖြတ်ခြင်း သို့မဟုတ် နောက်ထပ်အချက်အလက် လိုအပ်ပြီး သင်ကဖြစ်စေ၊ သင့်ကလေး၏ ဆရာကဖြစ်စေ ပြန်လည်အကဲဖြတ်ရန် တောင်းဆိုပါက ပိုမိုအကြိမ်ရေစိပ်သော ပြန်လည်အကဲဖြတ်ခြင်းကို ပြင်ဆင်လုပ်ဆောင်ခြင်း၊
- ပထမဆုံးအကြိမ် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပေးအပ်ခြင်း၊
- ARD ကော်မတီအဖွဲ့ဝင်တစ်ဦးအား ထိုအဖွဲ့ဝင်၏ သင်ရိုးညွှန်းတမ်းနယ်ပယ် သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ မွမ်းမံပြင်ဆင်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းပါဝင်သော ARD ကော်မတီ အစည်းအဝေးတွင် တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းနှင့်
- အထက်တန်းကျောင်းပြီးနောက် အသက်မွေးဝမ်းကျောင်း ဘဝသို့ ကူးပြောင်းရေး ဝန်ဆောင်မှုများ ပံ့ပိုးရန် သို့မဟုတ် ၎င်းတို့အတွက် ငွေပေးချေရန် တာဝန်ရှိသည့် ပါဝင်ပတ်သက်သော အေဂျင်စီတစ်ခုခု၏ ကိုယ်စားလှယ်ကို ဖိတ်ခေါ်ခြင်း။

## အကဲဖြတ်သုံးသပ်မှု လုပ်ထုံးလုပ်နည်းများ

ပြီးပြည့်စုံသော တစ်ဦးချင်း အကဲဖြတ်သုံးသပ်မှု (FIIE) ဆောင်ရွက်ရန်အတွက် သင်သဘောတူညီပါက ကျောင်းအနေဖြင့် ၎င်းလုပ်ဆောင်မည့် အကဲဖြတ်သုံးသပ်မှု လုပ်ထုံးလုပ်နည်းများအကြောင်း ကြိုတင်အသိပေးစာကို ပံ့ပိုးပေးရမည်။ ကျောင်းသည် သင်ပေးအပ်သည့် အချက်အလက်များအပါအဝင် သင့်ကလေးနှင့်ပတ်သက်သည့် အခြေခံလှုပ်ရှားဆောင်ရွက်နိုင်စွမ်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးနှင့် ပတ်သက်သော သက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းရန် အကဲဖြတ်ကိရိယာနှင့် နည်းဗျူဟာ အမျိုးမျိုးကို အသုံးပြုရမည်။ သင့်ကလေး၏ကျောင်းသည် သင့်ကလေးမှာ မသန်စွမ်းကလေး ဟုတ်၊ မဟုတ် ဆုံးဖြတ်ခြင်းအတွက်နှင့် သင့်ကလေးအတွက် သင့်လျော်သော ပညာရေးဆိုင်ရာ ပရိုဂရမ်တစ်ခုကို ဆုံးဖြတ်ခြင်းအတွက် တိုင်းတာချက်တစ်ခုခု သို့မဟုတ် အကဲဖြတ်မှုတစ်ခုခုကို တစ်ခုတည်းသော စံသတ်မှတ်ချက်အဖြစ် အသုံးမပြုရပါ။ သင့်ကလေးတွင် မသန်စွမ်းမှု ရှိ၊မရှိနှင့် သူ သို့မဟုတ် သူမ၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဆုံးဖြတ်ရန် သံသယရှိသော မသန်စွမ်းမှုနှင့် ဆက်စပ်နေသည့် နယ်ပယ်အားလုံးတွင် သင့်ကလေး၏ အကဲဖြတ်မှုကို ကျောင်းက ဆောင်ရွက်ပေးရမည်။ သင့်ကလေးအတွက် အကဲဖြတ်သုံးသပ်မှုလုပ်ငန်းစဉ်သည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

- သင့်ကလေး၏ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံလှုပ်ရှားဆောင်ရွက်နိုင်စွမ်းနှင့်ပတ်သက်သော အချက်အလက်များ ပါဝင်ရမည်၊
- စမ်းသပ်စစ်ဆေးမှုရေးဆွဲသူ၏ ညွှန်ကြားချက်များနှင့်အညီ လေ့ကျင့်မှုရရှိထားပြီး ဗဟုသုတပြည့်ဝသော ဝန်ထမ်းက ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အကဲဖြတ်ချက်များမှာ မှန်ကန်ပြီး စိတ်ချရမှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရမည်၊
- ယင်းကဲ့သို့လုပ်ဆောင်ရန် သိသိသာသာ မဖြစ်နိုင်သည့်အခါ မှလွဲ၍ ကျန်အချိန်များတွင် သင့်ကလေး၏ မိခင်ဘာသာစကား ဖြင့်ဖြစ်စေ၊ အခြားဆက်သွယ်ပြောဆိုမှု ပုံစံဖြင့်ဖြစ်စေ ဆောင်ရွက်ပေးရမည့်အပြင်
- ဘက်လိုက်မှုမရှိရပါ သို့မဟုတ် သင့်ကလေး၏ ယဉ်ကျေးမှုနောက်ခံ၊ လူမျိုး သို့မဟုတ် မသန်စွမ်းမှုက မည်သို့ပင်ဖြစ်စေကာမူ သူ သို့မဟုတ် သူမအား ခွဲခြားဆက်ဆံသည့်ပုံစံဖြင့် အကဲဖြတ်သုံးသပ်မှု မပြုလုပ်ရပါ။

သံသယဖြစ်ဖွယ် မသန်စွမ်းမှုပေါ်အခြေခံ၍ အကဲဖြတ် သုံးသပ်မှုတွင် ပါဝင်မည့် လေ့ကျင့်မှုရရှိထားပြီး ဗဟုသုတ ပြည့်ဝသော ဝန်ထမ်းများမှာ မတူကွဲပြားမှုရှိပါမည်။ စာဖတ်ခက်ရောဂါ သို့မဟုတ် ဆက်စပ်ချို့ယွင်းချက်တစ်ခုကို သံသယရှိပါက စာဖတ်ခြင်းလုပ်ငန်းစဉ်၊ စာဖတ်ခက်ရောဂါနှင့် ဆက်စပ်ချို့ယွင်းချက်များသာမက စာဖတ်ခက်ရောဂါရှိသူများအား သင်ကြားပို့ချမှုအကြောင်း တိတိကျကျ သိကျွမ်းနားလည်သူ တစ်ဦးက အကဲဖြတ်သုံးသပ်မှုတွင် ၎ (လင့်ခ်- https://bit.ly/3Z5uXrt) နှင့် တက္ကဆက်ပြည်နယ် စီမံအုပ်ချုပ်ရေး ဥပဒေ (TAC) ခေါင်းစဉ် 19 §74.28 (လင့်ခ်- https://bit.ly/3YQcWMe) တွင် သတ်မှတ်ထားသည့် နယ်ပယ်များ ပါဝင်ရမည်။

သင်၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ကျောင်းက လက်ခံရရှိသည့်ရက်မှ ကျောင်းဖွင့်ရက် 45 ရက်ထက် နောက်မကျဘဲ ကနဦး အကဲဖြတ်သုံးသပ်မှုနှင့် ရလဒ်အစီရင်ခံစာတို့ကို ပြီးစီးအောင် လုပ်ရမည်။ သို့သော် သင့်ကလေးသည် အကဲဖြတ်သုံးသပ်မှုကာလအတွင်း ကျောင်းဖွင့်ရက် သုံးရက်နှင့်အထက် ကျောင်းပျက်ခဲ့ပါက အကဲဖြတ်သုံးသပ်မှုကာလကို သင့်ကလေးကျောင်းပျက်ခဲ့သည့် ကျောင်းဖွင့်ရက်အရေအတွက်အတိုင်း ထပ်တိုးရမည်။ ကျောင်းသည် အကဲဖြတ်သုံးသပ်မှု ပြီးစီးသည့်နောက်တွင် သင့်ကလေး၏ သတ်မှတ်ချက်ပြည့်မီမှုကို ဆုံးဖြတ်ရန် ကနဦး ARD ကော်မတီ အစည်းအဝေးမတိုင်မီ ကျောင်းဖွင့်ရက် ငါးရက်ထက် နောက်မကျဘဲ တတ်နိုင်သမျှ အမြန်ဆုံး အကဲဖြတ်သုံးသပ်မှုအစီရင်ခံစာ မိတ္တူတစ်စောင်ကို သင့်အား အခမဲ့ပေးအပ်ရမည်။

သင့်ကလေးသည် ကျောင်းစာသင်နှစ်၏ စက်တင်ဘာလ 1 ရက်နေ့တွင် အသက်ငါးနှစ်အောက်ဖြစ်ပြီး ၎င်းကို အစိုးရကျောင်းတွင် အပ်နှံထားခြင်းမရှိလျှင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် အပ်နှံထားလျှင် သို့မဟုတ် အသက်မည်မျှဖြစ်စေကာမူ အိမ်တွင်စာသင်ပေးနေလျှင် သင်၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ကျောင်းက လက်ခံရရှိသည့်နေ့မှ ကျောင်းဖွင့်ရက် 45 ရက်မြောက်နေ့ထက် နောက်မကျဘဲ ကနဦး အကဲဖြတ်သုံးသပ်မှုနှင့် ရလဒ်အစီရင်ခံစာတို့ကို အပြီးသတ်ရေးသားတင်ပြရမည်။

ကျောင်းဖွင့်ရက် 45 ရက်တာ အချိန်ကာလအတွက် ခြွင်းချက်တစ်ရပ်ရှိပါသည်။ ကျောင်းက ကနဦးအကဲဖြတ်မှုအတွက် သင့်ထံမှ သဘောတူညီချက်ကို ကျောင်းပညာသင်နှစ်၏ နောက်ဆုံးသင်ကြားရေးနေ့ မတိုင်မီ အနည်းဆုံး 35 ရက်မှ 45 ရက်အတွင်း လက်ခံရရှိပါက စာဖြင့်ရေးသားထားသော အကဲဖြတ်မှုအစီရင်ခံစာကို ထိုနှစ်၏ ဇွန်လ 30 ရက်နေ့မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ပြီး သင့်ထံသို့ ပေးပို့ရမည်။ သို့သော် အကဲဖြတ်ကာလအတွင်း သင့်ကလေးသည် ကျောင်းသုံးရက်နှင့်အထက် ပျက်ကွက်မှုရှိလျှင် ဇွန်လ 30 အပြီးသတ်နေ့တွင် အကျုံးမဝင်တော့ပါ။ ၎င်းအစား ယေဘုယျ ကျောင်းဖွင့်ရက် 45 ရက် အချိန်ကာလအပြင် ကျောင်းသုံးရက်နှင့်အထက် ပျက်ကွက်မှုအတွက် အချိန်ထပ်တိုးမှုများသည် အကျုံးဝင်မည်ဖြစ်သည်။ ကျောင်းစာသင်နှစ်၏ နောက်ဆုံးသင်ကြားရေးနေ့မတိုင်မီ ကျောင်းဖွင့်ရက် 35 ရက်အတွင်း သင့်သဘောတူညီချက်ကို ကျောင်းက လက်ခံရရှိလျှင် ကျောင်းဖွင့်ရက် 45 ရက်အဖြစ် သတ်မှတ်ထားသည့် 45 ရက် ယေဘုယျ အချိန်ကာလအပြင် အကဲဖြတ်သုံးသပ်မှုကာလအတွင်း ကျောင်းသုံးရက်နှင့်အထက် ပျက်ကွက်မှုအတွက် အလားတူ အချိန်ထပ်တိုးမှုများ အကျုံးဝင်ပါမည်။

ကနဦး အကဲဖြတ်သုံးသပ်မှုဆောင်ရွက်ရန် သင်က သဘောမတူညီလျှင် ကျောင်းအနေဖြင့် ကြားဝင်ညှိနှိုင်းမှုကိုဖြစ်စေ၊ ဥပဒေနှင့်အညီ ကြားနာမှုကိုဖြစ်စေ တောင်းဆိုခြင်းဖြင့် အကဲဖြတ်သုံးသပ်မှုကို ဆက်လက်ဆောင်ရွက်နိုင်သော်လည်း ယင်းသည် မဖြစ်မနေ လုပ်ဆောင်ရမည့်အရာ မဟုတ်ပါ။ ကျောင်းသည် အကဲဖြတ်မှုကို ဆက်လက်မလုပ်ဆောင်ရန် ဆုံးဖြတ်လျှင် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိသော မသန်စွမ်းကလေးအားလုံးကို ခွဲခြားဖော်ထုတ်ရန်၊ နေရာချထားရန်၊ အကဲဖြတ်ရန် IDEA ၏ သတ်မှတ်ချက်ကို ချိုးဖောက်ရာမရောက်ပါ။ ၎င်းသတ်မှတ်ချက်ကို ကျောင်း၏ *child find duty* သို့ လွှဲပြောင်းပါသည်။

## ကျောင်းဝင်ခွင့်၊ ပြန်လည် သုံးသပ်ခြင်းနှင့် ကျောင်းမှထုတ်ပယ်ခြင်း (ARD) ပြုလုပ်သည့် ကော်မတီအစည်းအဝေးများ

ကနဦး အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာပြီးစီးသည့်ရက်မှ ပြက္ခဒိန်ရက်သုံးဆယ်အတွင်း အစီရင်ခံစာကို စဉ်းစားသုံးသပ်၍ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သင့်ကလေးသတ်မှတ်ချက် ပြည့်မီမှုရှိ၊ မရှိ ဆုံးဖြတ်ရန် ARD ကော်မတီကို ဖွဲ့စည်းရမည်။ ARD ကော်မတီဝင်များတွင် အောက်ပါပုဂ္ဂိုလ်များပါဝင်သည်-

- မိဘအနေဖြင့် သင်၊
- ဖြစ်နိုင်လျှင် ကလေး၏ IEP အစိတ်အပိုင်းတစ်ခုကို အကောင်အထည်ဖော်ရန် တာဝန်ရှိ သော ဆရာတစ်ဦးဖြစ်မည့် ကလေး၏ အထွေထွေပညာရေးဆရာ အနည်းဆုံးတစ်ဦး၊
- ကလေးအား သင်ကြားပေးသည့် အထူးပညာရေးဆရာ သို့မဟုတ် ပံ့ပိုးသူ အနည်းဆုံးတစ်ဦး၊
- ကျောင်းကိုယ်စားလှယ်တစ်ဦး၊
- အကဲဖြတ်သုံးသပ်ချက်ရလဒ်များရှိ သင်ကြားပို့ချမှုဆိုင်ရာ အချက်များကို အဓိပ္ပါယ်ပြန်ဆိုပေးမည့် ပုဂ္ဂိုလ်တစ်ဦး၊
- ကလေးနှင့်စပ်လျဉ်း၍ သိရှိနားလည်ထားပြီး သို့မဟုတ် အထူးကျွမ်းကျင်မှုရှိပြီး သင် သို့မဟုတ် ကျောင်းက ဖိတ်ခေါ်ထားသော အခြားပုဂ္ဂိုလ်များ၊
- သင့်လျော်သည့်အခါတိုင်း ကလေး၊
- သင့်လျော်သည့်အတိုင်းအတာအထိ သင်၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ဖြင့် သို့မဟုတ် သင့်ကလေးက အသက် 18 နှစ် ပြည့်ပြီးနောက် သင်၏ အရွယ်ရောက်ပြီးသော ကလေး၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ဖြင့် အကူးအပြောင်း ဝန်ဆောင်မှုများ ပံ့ပိုးရန် သို့မဟုတ် ၎င်းတို့အတွက် ငွေပေးချေရန် တာဝန်ရှိနိုင်သည့် ပါဝင်ပတ်သက်သော အေဂျင်စီတစ်ခုခု၏ ကိုယ်စားလှယ်တစ်ဦး၊
- အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးတွင် ကလေးကို ကနဦး နေရာချထားမှု သို့မဟုတ် ဆက်လက်နေရာချထားမှုအတွက် စဉ်းစားသုံးသပ်နေပါက အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးနယ်ပယ်မှ ကိုယ်စားလှယ်တစ်ဦး (ဆရာဖြစ်ပါက ပိုကောင်းသည်)၊ ၎င်းအပြင်
- ကလေးသည် အင်္ဂလိပ်စကားသင်ယူနေသူတစ်ဦးဖြစ်ကြောင်း တွေ့ရှိရပါက ဘာသာစကားကျွမ်းကျင်ပိုင်နိုင်မှု အကဲဖြတ်ကော်မတီရှိ ပညာရှင်ဝန်ထမ်းအဖွဲ့ဝင်တစ်ဦး။

ARD ကော်မတီဝင်များတွင် သက်ဆိုင်သည့်အတိုင်း အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်သည်-

- ကလေးသည် နားမကြား သို့မဟုတ် နားလေးသည်ဟု သံသယရှိပါက သို့မဟုတ် မှတ်တမ်းများတွင် ထိုသို့ဖော်ပြထားပါက နားမကြား သို့မဟုတ် နားလေးသော ကလေးများကို သင်ကြားပို့ချခြင်းတွင် အသိအမှတ်ပြုလက်မှတ် ရရှိထားသော ဆရာတစ်ဦး၊
- ကလေးတွင် အမြင်အာရုံ ချွတ်ယွင်းချက်ရှိကြောင်း သံသယရှိပါက သို့မဟုတ် မှတ်တမ်းများတွင် ထိုသို့ဖော်ပြထားပါက အမြင်အာရုံချွတ်ယွင်းမှုရှိသည့် ကျောင်းသားများအား သင်ကြားပို့ချရာတွင် အသိအမှတ်ပြု လက်မှတ်ရရှိထားသော ဆရာတစ်ဦး၊
- ကလေးသည် နားမကြား၊ မျက်မမြင်ဖြစ်ကြောင်း သံသယရှိပါက သို့မဟုတ် မှတ်တမ်းများတွင် ထိုသို့ဖော်ပြထားပါက နားမကြားသည့် သို့မဟုတ် နားလေးသည့် ကျောင်းသားများအား သင်ကြားပို့ချရာတွင် အသိအမှတ်ပြု လက်မှတ်ရရှိထားသော ဆရာတစ်ဦးနှင့် အမြင်အာရုံချွတ်ယွင်းမှုရှိသည့် ကျောင်းသားများအား သင်ကြားပို့ချရာတွင် အသိအမှတ်ပြု လက်မှတ်ရရှိထားသော ဆရာတစ်ဦး သို့မဟုတ်
- ကျောင်းသားတွင် စာဖတ်ခက်ရောဂါရှိသည်ဟု သံသယရှိလျှင် သို့မဟုတ် ဖော်ထုတ်တွေ့ရှိလျှင် စာဖတ်ခက်ရောဂါ လက်စွဲစာအုပ် အပါအဝင် TEC၊ §29.0031(b) နှင့် 19 TAC §74.28 ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပညာရှင်တစ်ဦး။

ကျောင်းသည် သင့်ကလေးအတွက် ပြုလုပ်သည့် ARD ကော်မတီအစည်းအဝေးတိုင်းသို့ သင့်ကို ဖိတ်ကြားရမည်ဖြစ်ပြီး မိဘတစ်ဦးကဖြစ်စေ၊ မိဘနှစ်ဦးစလုံးကဖြစ်စေ မဖြစ်မနေ တက်ရောက်ကြောင်း သေချာ ဆောင်ရွက်ရမည်။ ပိုတိုတောင်းသည့်အချိန်ကို သင်သဘောမတူထားပါက အစည်းအဝေးအကြောင်း ကြိုတင်အသိပေးစာကို ကျောင်းက အနည်းဆုံး စာသင်ရက်ငါးရက်ကြိုတင်၍ သင့်ထံသို့ပေးအပ်ရမည်။ အသိပေးစာတွင် ပါဝင်ရမည်မှာ အစည်းအဝေး၏ ရည်ရွယ်ချက်၊ အချိန်၊ နေရာနှင့် တက်ရောက်မည့်သူစာရင်းတို့ဖြစ်သည်။ သင်အင်္ဂလိပ်လိုမပြောတတ်ပါက သင့်မိခင်ဘာသာစကားဖြင့် အသိပေးစာပေး ပို့ခြင်းမှာ သိသာထင်ရှားစွာ မဖြစ်နိုင်ခြင်း မရှိပါက အသိပေးစာကို သင့်မိခင်ဘာသာစကားဖြင့် ကျောင်းကစီမံပေးအပ်ရမည်။ သင်၏မိခင်ဘာသာစကားမှာ အရေးဘာသာစကားမဟုတ်ပါက အသိပေးစာပါ အကြောင်းအရာများကို သင်သေချာ နားလည်စေရန် အသိပေးစာကို နှုတ်ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ ဘာသာပြန်ဆိုထားကြောင်း သေချာစေရန် လိုအပ်သည့်အဆင့်များကို ကျောင်းက လုပ်ဆောင်ရမည်။

သင်နှင့်ကျောင်းအတွက် သဘောတူညီနိုင်သော အချိန်နှင့်နေရာတို့၌ ARD ကော်မတီအစည်းအဝေးကို ပြုလုပ်ရမည်။ ကျောင်းမှအဆိုပြုသည့် ရက်စွဲ သို့မဟုတ် အချိန်မှာ သင့်အတွက် အဆင်မပြေပါက သင်အစည်းအဝေးလာရောက်နိုင်သည့် အချိန်စီစဉ်ရန် ကျောင်းကသင့်လျော်သလို စီစဉ်ရမည်။ မိဘနှစ်ဦးစလုံးအစည်းအဝေးမတက်နိုင်လျှင် တယ်လီဖုန်းဖြင့်ဖြစ်စေ ဗီဒီယိုစုံညီစည်းဝေးမှုဖြင့်ဖြစ်စေ အစရှိသည့်နည်းလမ်းများဖြင့် သင်ပါဝင်နိုင်ပါသည်။ သင်အစည်းအဝေးတက်ရောက်ရန် သင့်ကို ကျောင်းကမစည်းရုံးနိုင်လျှင် သင်မပါဘဲအစည်း အဝေးကို ကျောင်းမှပြုလုပ်နိုင်ပါသည်။

အစည်းအဝေး၌ ARD ကော်မတီဝင်တစ်ဦးနှင့်ဆိုင်သော သင်ရိုးညွှန်းတမ်း သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုကို ပြင်ဆင်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းပြုလုပ်ရန် မလိုအပ်သဖြင့် အဆိုပါပုဂ္ဂိုလ်အနေဖြင့် အစည်းအဝေးကို တက်ရောက်ရန် မလိုအပ်ပါက ၎င်းသည် အစည်းအဝေး၏ တစ်စိတ်တစ်ပိုင်းမှသော်လည်းကောင်း အစည်းအဝေးတစ်ခုလုံးကို သော်လည်းကောင်း ခွင့်တိုင်နိုင်သည်။ ခွင့်တိုင်ခြင်းကို သင်က စာဖြင့်ရေးသားပြီး သဘောတူရမည်။

အစည်းအဝေး၌ ARD ကော်မတီဝင်နှင့်သက်ဆိုင်သော သင်ရိုးညွှန်းတမ်း သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုကို ပြင်ဆင်ခြင်း သို့မဟုတ် ဆွေးနွေးခြင်းပါဝင်သော်လည်း သင်နှင့်ကျောင်းက ခွင့်တိုင်မှုကို စာဖြင့်ရေးသား သဘောတူထားပြီး အစည်းအဝေးမတိုင်မီ ခွင့်တိုင်သည့် ပုဂ္ဂိုလ်က IEP ရေးဆွဲမှုတွင် စာဖြင့်ရေးသားထားသော အကြံဉာဏ်များပေးအပ်ထားပါက ARD ကော်မတီဝင်သည် အစည်းအဝေးမှ ခွင့်တိုင်နိုင်သည်။

## သတ်မှတ်ချက်ပြည့်မီမှု

သင့်ကလေးမှာအထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက် ပြည့်မီခြင်းရှိ မရှိကို ဆုံးဖြတ်ရာတွင် အပိုင်းနှစ်ခုပါသည့် စစ်ဆေးမှု တစ်ရပ်ရှိပါသည်- (1) သင့်ကလေးတွင် IDEA အရ သတ်မှတ်ချက်ပြည့်မီသော မသန်စွမ်းမှုတစ်ခုရှိရမည်ဖြစ်ပြီး (2) အဆိုပါ မသန်စွမ်းမှု၏ အကျိုးဆက်ကြောင့် သင့်ကလေးအတွက် ပညာရေးမှ အကျိုးရရှိစေရန် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လိုအပ်မည်ဖြစ်သည်။ သတ်မှတ်ချက်ပြည့်မီမှု ရှိမရှိကို ဆုံးဖြတ်သည့် အပိုင်းနှစ်ခုပါဝင်သော စစ်ဆေးမှုအနက် ပထမအပိုင်းနှင့် ကိုက်ညီစေရန် အောက်ပါ ကွင်းစကွင်းပိတ်ထဲတွင် မှတ်ချက်ပြုထားသည်မှလွဲ၍ အသက် 3 နှစ်မှ 21 နှစ်အတွင်းရှိ ကလေးတစ်ဦးသည် ဖော်ပြထားသော မသန်စွမ်းမှု အမျိုးအစားများအနက် တစ်ခု သို့မဟုတ် တစ်ခုအထက်၏ စံသတ်မှတ်ချက်ကို ပြည့်မီရမည်-

- အော်တစ်ဇင်၊
- နားမကြားနိုင်ခြင်း သို့မဟုတ် အကြားအာရုံချွတ်ယွင်းမှု (မွေးကင်းစမှ 21 နှစ်အထိ)၊
- နားမကြား- မျက်မမြင် (မွေးကင်းစမှ 21 နှစ်အထိ)၊
- စိတ်ခံစားမှုဆိုင်ရာ ချွတ်ယွင်းမှု၊
- ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ ချွတ်ယွင်းမှု၊
- မသန်စွမ်းမှုအမျိုးမျိုးရှိခြင်း၊
- အမျိုးအစားသတ်မှတ်မထားသည့် အစောပိုင်း ကလေးဘဝ မသန်စွမ်းမှု (အသက်သုံးနှစ်မှ ငါးနှစ်အထိ)*၊
- ဖွံ့ဖြိုးမှု နှောင့်နှေးခြင်း (အသက် 3 နှစ်မှ 9 နှစ်အထိ)**၊
- အရိုး ချွတ်ယွင်းမှု၊
- အခြား ကျန်းမာရေး ချွတ်ယွင်းမှု၊
- တိကျသော သင်ယူလေ့လာမှုဆိုင်ရာ ချွတ်ယွင်းမှု၊
- စကားပြော သို့မဟုတ် ဘာသာစကားဆိုင်ရာ ချွတ်ယွင်းမှု၊
- ဦးနှောက်ဒဏ်ဖြစ်စေသည့် ထိခိုက်မှု သို့မဟုတ်
- အမြင်အာရုံ ချွတ်ယွင်းမှု (မွေးကင်းစမှ 21 နှစ်အထိ)။

*2025-2026 ကျောင်းစာသင်နှစ်မှ စတင်၍ အမျိုးအစား သတ်မှတ်မထားသော အစောပိုင်း ကလေးဘဝ မသန်စွမ်းမှုကို အသုံးပြုတော့မည်မဟုတ်ပါ။

**2024-2025 ကျောင်းစာသင်နှစ်မှစတင်၍ ဖွံ့ဖြိုးမှု နှောင့်နှေးခြင်းတွင် သတ်မှတ်ချက်ပြည့်မီမှု အကျုံးဝင်နိုင်သည်။

ARD ကော်မတီသည် ကနဦး အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာ ပြီးမြောက်သည့်နေ့မှ ပြက္ခဒိန်ရက်ပေါင်း 30 အတွင်း သတ်မှတ်ချက်ပြည့်မီမှုရှိမရှိ စိစစ်ဆုံးဖြတ်ခြင်း ပြုလုပ်ရမည်။ အကယ်၍ 30 ရက်နေ့မှာ နွေရာသီတွင်းဖြစ်၍ ကျောင်းပိတ်ထားလျှင် ကနဦး သတ်မှတ်ချက်ပြည့်မီမှုရှိမရှိ စိစစ်ဆုံးဖြတ်ခြင်း၊ IEP နှင့် နေရာချထားမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အတည်ပြုရန် ဆောင်းဦးပေါက် ကျောင်းဖွင့်ပြီး 15 ရက်နေ့ မတိုင်မချင်း ARD ကော်မတီက အချိန်ရပါသည်။ ကလေးသည် ထိုနွေရာသီအတွင်း ထပ်တိုး ကျောင်းစာသင်နှစ် (**ESY**) ဝန်ဆောင်မှုများကို လိုအပ်ကြောင်း ကနဦး အကဲဖြတ်သုံးသပ်မှုတွင် ဖော်ပြမထားမှသာ ဖြစ်ပါသည်။ ESY ဝန်ဆောင်မှုများကို ဖော်ပြထားပါက ARD ကော်မတီသည် အကဲဖြတ်သုံးသပ်မှု အစီရင်ခံစာကို ပြီးမြောက်သည့်နောက် တတ်နိုင်သမျှ အမြန်ဆုံး အစည်းအဝေးပြုလုပ်၍ တွေ့ဆုံဆွေးနွေးရမည်။

အခက်အခဲရှိသော ကျောင်းသားတိုင်းက အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်မပြည့်မီပါ။ သင့်ကလေးသည် အဓိကအားဖြင့် စာဖတ်ခြင်း သို့မဟုတ် သင်္ချာတွက်ချက်မှုတွင် သင့်လျော်သော သင်ကြားပို့ချမှု မရရှိခြင်း သို့မဟုတ် သင့်ကလေးတွင် အင်္ဂလိပ်စာကျွမ်းကျင်မှု အားနည်းခြင်းကြောင့် အခက်အခဲရှိနေပါက သင့်ကလေးအား IDEA အရ မသန်စွမ်းမှုရှိသည့် ကလေးတစ်ဦးအဖြစ် ဆုံးဖြတ်ခြင်းမပြုရပါ။ သင့်ကလေး၌ မသန်စွမ်းမှုမရှိကြောင်း အကဲဖြတ်သုံးသပ်မှုတွင် ဖော်ပြလျှင် ကျောင်းအခြေပြု ပညာရေးနှင့် အပြုအမူဆိုင်ရာ အထောက်အပံ့အဖွဲ့၏ အဆင့်များစွာ စနစ်သည် သင့်ကလေး ကို အကူအညီပေးရန် အထွေထွေ ပညာရေးကဏ္ဍ ရှိ အခြားဝန်ဆောင်မှုများ သို့မဟုတ် ပရိုဂရမ်များကို ဖြည့်ဆည်းပေးပြီး အကြံပြုနိုင်ပါသည်။

သင့်ကလေး၌ မသန်စွမ်းမှုရှိကြောင်း အကဲဖြတ်သုံးသပ်မှုတွင် ဖော်ပြလျှင် အထွေထွေပညာရေး သင်ရိုးညွှန်းတမ်း (ဥပမာ၊ မသန်စွမ်းမှုမရှိသော ကလေးများအတိုင်း တူညီသော သင်ရိုးညွှန်းတမ်း) တွင် ပါဝင်ရန်နှင့် တိုးတက်မှုရှိစေရန် ARD ကော်မတီသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို သင့်ကလေးအတွက် လိုအပ်မှုရှိ၊ မရှိကို ဆုံးဖြတ်ခြင်းဖြင့် အပိုင်းနှစ်ခုပါဝင်သော စစ်ဆေးမှုအနက် ဒုတိယအပိုင်းကို လုပ်ဆောင်ရမည်။

## ကနဦး ဝန်ဆောင်မှုများ ပေးအပ်ခြင်း

သင့်ကလေးက အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီလျှင် ကျောင်းသည် ကန့်သတ်ချက်အနည်းဆုံးရှိသည့် စာသင်ခန်းအတွင်း၌ သင့်ကလေးအား FAPE တစ်ရပ်ကို ပေးအပ်ရန်လိုအပ်သည်။ ၎င်းကို ARD ကော်မတီ၏ IEP ဖော်ဆောင်မှုနှင့် ကျောင်း၏ IEP အကောင်အထည်ဖော်ဆောင်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ကနဦး အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ကျောင်းမှ မပံ့ပိုးနိုင်မီ ကျောင်းက ဝန်ဆောင်မှုများအတွက် သင့်ထံမှ ခွင့်ပြုချက်ရယူရမည်။ ကနဦး ဝန်ဆောင်မှုများ ပေးအပ်ရေးအတွက် သင့်ထံမှ ခွင့်ပြုချက်ရယူရန် ကျောင်းအနေဖြင့် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကို ပြုလုပ်ရမည်။ ကနဦး ဝန်ဆောင်မှုများ ပေးအပ်ရေးအတွက် သင်က ခွင့်ပြုချက်မပေးလျှင် ဝန်ဆောင်မှုများအတွက် ခွင့်ပြုချက်ပေးရန် သင့်ငြင်းပယ်မှုကို လွှမ်းမိုးရန်အတွက် ကျောင်းအနေဖြင့် ကြားဝင်ညှိနှိုင်းမှုကိုဖြစ်စေ၊ ဥပဒေနှင့်အညီ ကြားနာမှုကိုဖြစ်စေ မတောင်းဆိုနိုင်ပါ။ သင်က ခွင့်ပြုချက်ပေးရန် ငြင်းဆန်လျှင် အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို ပေးအပ်နိုင်မည် မဟုတ်ပါ။ ကနဦး အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ပေးအပ်မှုအတွက် သဘောတူညီချက်ပေးရန် သင်ငြင်းဆိုပါ သို့မဟုတ် တောင်းဆိုချက်ကို သင်တုံ့ပြန်ရက် ပျက်ကွက်ပါက ကျောင်းသည် သင့်ကလေးအား FAPE ကို အသုံးပြုနိုင်အောင် ပြုလုပ်ရန် ၎င်းတို့၏ တာဝန်ကို ပျက်ကွက်ရာ မရောက်ပါ။

## တစ်ဦးချင်း ပညာရေး ပရိုဂရမ် (IEP) ရေးဆွဲခြင်း

IEP တွင် အဓိက ပါဝင်သည့် အစိတ်အပိုင်းများမှာ-

- သင့်ကလေး၏ လက်ရှိ ပညာရေးအောင်မြင်မှုအဆင့်များနှင့် အခြေခံလုပ်ရှားဆောင်ရွက်နိုင်စွမ်း (**PLAAFP**)၊
- ပညာရေးအောင်မြင်မှုနှင့် အခြေခံလှုပ်ရှားဆောင်ရွက်နိုင်စွမ်း ရည်မှန်းချက်များ အပါအဝင် တိုင်းတာနိုင်သော နှစ်စဉ်ရည်မှန်းချက်များ၊
- အထူးပညာရေး၊ ဆက်စပ်ဝန်ဆောင်မှုများအပြင် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများအကြောင်း ဖော်ပြချက် တစ်ရပ်ကို ပေးအပ်ပါမည်၊
- အကဲဖြတ်ချက်တွင် သင့်ကလေး ပါဝင်ဖြေဆိုရန်အတွက် လိုအပ်သော သင့်လျော်သည့် သီးခြားညှိနှိုင်းစီစဉ်ပေးမှုများ အကြောင်း ဖော်ပြချက်အပါအဝင် သင့်ကလေးက ပြည်နယ်နှင့် ခရိုင်လုံးဆိုင်ရာ အကဲဖြတ်ချက်များတွင် ပါဝင်ဖြေဆိုပုံ၊ ပုံမှန် ပြည်နယ်လုံးဆိုင်ရာ အကဲဖြတ်ချက်ကို ဖြေဆိုမည့်အစား အခြားအကဲဖြတ်ချက်ကို သင့်ကလေးက ဖြေဆိုရန် လိုအပ်ခြင်းရှိမရှိနှင့် အခြားအကဲဖြတ်ချက်က သင့်ကလေးအတွက် သင့်လျော်ရသည့် အကြောင်းရင်း အချက်အလက်များ၊
- အသက်အရွယ်နှင့် သင့်လျော်သည့်အချိန်တွင် အကူးအပြောင်း ဝန်ဆောင်မှုများနှင့်
- အချို့သော မသန်စွမ်းမှုများ၊ လိုအပ်ချက်များ သို့မဟုတ် အခြေအနေများရှိသည့် ကလေးများအတွက် ထည့်သွင်း စဉ်းစားပြီး လိုအပ်သည်ဟု ဆုံးဖြတ်ပါက လုပ်ဆောင်ပေးရမည့် အခြားနယ်ပယ်များ။

TEA သည် နမူနာ IEP ပုံစံကို ရေးသားပြုစုထားသည် (လင့်ခ်- bit.ly/3smMLMe)။ သင့်ကလေး၏ကျောင်းက ဤနမူနာပုံစံကိုဖြစ်စေ၊ အခြားပုံစံကိုဖြစ်စေ အသုံးပြုနိုင်သည်။

IEP ဖော်ဆောင်ရာတွင် ARD ကော်မတီမှ ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များရှိပါသည်။ ၎င်းတို့တွင် ပါဝင်သည်မှာ-

- သင့်ကလေး၏ အားသာချက်များ၊
- သင့်ကလေး၏ ပညာရေးကို ပိုမိုမြင့်မားစေရေးနှင့် စပ်လျဉ်းပြီး သင်၏စိုးရိမ်မှုများ၊
- သင့်ကလေး၏ မကြာသေးမီက အကဲဖြတ်သုံးသပ်ချက်ရလဒ်များနှင့်
- သင့်ကလေး၏ ပညာရေး၊ ဖွံ့ဖြိုးမှုနှင့် လက်တွေ့လုပ်ဆောင်မှု လိုအပ်ချက်များ။

၎င်းအပြင် ARD ကော်မတီသည် အချို့သော ကလေးများအတွက် အထူးအချက်အလက်များပါ ထည့်သွင်းလုပ်ဆောင်ရမည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

- ကလေးတစ်ဦး၏ အပြုအမူက ၎င်းကိုယ်တိုင်အတွက် သို့မဟုတ် အခြားလူများအတွက် သင်ယူလေ့လာ၍မရအောင် အဟန့်အတားဖြစ်စေသည့်အခါ ထိုအပြုအမူကို ကိုင်တွယ် ဖြေရှင်းရန် အပြုသဘောဆောင်သည့် အပြုအမူဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများ၊ အထောက်အပံ့များနှင့် အခြားနည်းလမ်းများ အသုံးပြုမှုကို ထည့်သွင်း စဉ်းစားပါ။
- ကလေးသည် အင်္ဂလိပ်စကားသင်ယူနေသူအဖြစ် အရည်အချင်းပြည့်မီသည့်အခါ ဘာသာစကား လိုအပ်ချက်များက ကလေး၏ IEP နှင့် ဆက်စပ်နေသောကြောင့် အဆိုပါ ဘာသာစကား လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပါ။ ကလေးက မျက်မမြင် သို့မဟုတ် အမြင်အာရုံချွတ်ယွင်းသူ ဖြစ်နေသည့်အခါ မျက်မမြင်စာဖြင့် သင်ကြားခြင်း သို့မဟုတ် မျက်မမြင်စာ အသုံးပြုခြင်းမှာ အဆိုပါကလေးအတွက် မသင့်တော်ဟု ကော်မတီက ဆုံးဖြတ်မထားလျှင် မျက်မမြင်စာဖြင့် သင်ကြားပေးခြင်း သို့မဟုတ် မျက်မမြင်စာအသုံးပြုခြင်းကို ပံ့ပိုးပါ၊
- မသန်စွမ်းသည့် ကလေးတစ်ဦးချင်း၏ ဆက်သွယ်ပြောဆိုမှု လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပါ၊ ထို့ပြင် နားမကြား သို့မဟုတ် နားလေးသည့် ကလေးဖြစ်ပါက ကလေး၏ ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှု လိုအပ်ချက်များ၊ ကလေး၏ ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှုပုံစံဖြင့် ရွယ်တူကလေးများ၊ ပညာရှင် ဝန်ထမ်းများနှင့် တိုက်ရိုက် ပြောဆိုနိုင်သည့် အခွင့်အလမ်းများ၊ ပညာရေးအဆင့်၊ အလုံးစုံ လိုအပ်ချက်များအပြင် ကလေး၏ ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှု ပုံစံဖြင့် တိုက်ရိုက်သင်ကြားပို့ချရေး အခွင့်အလမ်းများကိုပါ ထည့်သွင်းစဉ်းစားပါ၊
- မသန်စွမ်းသည့် ကလေးတစ်ဦးချင်းက အထောက်အကူပြု နည်းပညာသုံး ကိရိယာများနှင့် ဝန်ဆောင်မှုများကို လိုအပ်မှုရှိ၊ မရှိကို ထည့်သွင်းစဉ်းစားပါ၊ ၎င်းအပြင်
- သက်ဆိုင်ပါက စာဖတ်ခက်ရောဂါရှိကြောင်း ဖော်ထုတ်တွေ့ရှိပြီး စာဖတ်ခက်ရောဂါရှိသူများအား သင်ကြားပို့ချမှုမျိုးကို လိုအပ်သည့် ကျောင်းသားအတွက် စာဖတ်ခက်ရောဂါ လက်စွဲစာအုပ်တွင် သတ်မှတ်ထားသော အပိုင်းများကို ဆောင်ရွက်ပေးပါ။

## လက်ရှိ ပညာရေးအောင်မြင်မှုအဆင့်များနှင့် အခြေခံလုပ်ရှား ဆောင်ရွက်နိုင်စွမ်း

IEP တွင် သင့်ကလေး၏ PLAAFP ဖော်ပြချက်တစ်ရပ် ပါဝင်ရမည်။ ၎င်းဖော်ပြချက်တွင် မသန်စွမ်းမှုက အထွေထွေသင်ရိုးညွှန်းတမ်းတွင် ပါဝင်ပတ်သက်မှုနှင့် တိုးတက်မှုတို့အပေါ် သက်ရောက်ပုံကို ထည့်သွင်းထားရမည်။ သင့်ကလေးမှာ မူကြိုကျောင်းတက်နေသည့် ကလေးဖြစ်လျှင် ဖော်ပြချက်တွင် မသန်စွမ်းမှုက အသက်အရွယ်နှင့် သင့်တော်သည့် လှုပ်ရှားမှု များတွင် ပါဝင်ခြင်းအပေါ် သက်ရောက်ပုံကို ရှင်းပြထားရမည်။

## နှစ်စဉ်ရည်မှန်းချက်များ

သင့်ကလေးက အထွေထွေသင်ရိုးညွှန်းတမ်း၌ ပါဝင်နိုင်ပြီး တိုးတက်မှုရှိစေရန် IEP တွင် မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် သင့်ကလေး၏ လိုအပ်ချက်များကို ဖြည့်ဆီးပေးရန် ပုံဖော်ထားသည့် ပညာရေးနှင့် လုပ်ဆောင်မှု ရည်မှန်းချက်များ အပါအဝင် တိုင်းတာနိုင်သော နှစ်စဉ်ရည်မှန်းချက်များ ပါဝင်ရမည်။ ၎င်းရည်မှန်းချက်များက သင့်ကလေး၏ မသန်စွမ်းမှု၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသော အခြားပညာရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရမည်။ IEP သည် နှစ်စဉ်ရည်မှန်းချက်များအတိုင်း သင့်ကလေး၏ တိုးတက်မှုကို မည်သို့တိုင်းတာမည်ဖြစ်ကြောင်း ဖော်ပြရမည့်အပြင် တိုးတက်ချက်ပြ အစီရင်ခံစာအား သင့်ထံသို့ပေးအပ်ရမည့်အချိန်ကိုပါ ထည့်သွင်းဖော်ပြရမည်။

## အထူးပညာရေး၊ ဆက်စပ်ဝန်ဆောင်မှုများအပြင် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ

ARD ကော်မတီသည် မည်သည့်ဝန်ဆောင်မှုများကို မည်သည့်အတွက်ကြောင့် လိုအပ်သည်ကို ဆုံးဖြတ်သွားမည်-

- နှစ်စဉ်ရည်မှန်းချက်များ ရရှိနိုင်ရေးကို ရှေးရှုလျက် သင့်လျော်စွာဖြင့် သင့်ကလေး သင့်လျော်သော တိုးတက်မှုရှိရေး လုပ်ဆောင်ရန်၊

- ကျောင်းစာပြင်ပ လှုပ်ရှားမှုများ၊ ပညာရေးနှင့်မဆိုင်သော လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းသာမက အထွေထွေသင်ရိုးညွှန်းတမ်းတွင် ပါဝင်သင်ယူနိုင်ရန်နှင့် တိုးတက်မှုရှိရန်အပြင်
- မသန်စွမ်းမှုမရှိသော ကလေးများနှင့်အတူ ပညာသင်ကြားနိုင်ရန်နှင့် ပူးပေါင်းပါဝင်နိုင်ရန်တို့ဖြစ်သည်။

သင့်ကလေးထံသို့ဖြစ်စေ၊ သင့်ကလေးကိုယ်စားဖြစ်စေ ပေးအပ်ရမည့် လိုအပ်သော အထူးပညာရေး၊ ဆက်စပ်ဝန်ဆောင်မှုများအပြင် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများဆိုင်ရာ ဖော်ပြချက်တစ်ရပ်ကို IEP တွင် ထည့်သွင်းရမည်။ ထိုဝန်ဆောင်မှုများသည် လက်တွေ့ကျသည့် အတိုင်းအတာတစ်ခုအထိ သက်တူရွယ်တူ သုံးသပ်ချက်ဖြစ်သည့် သုတေသနအပေါ် အခြေပြုရမည်။

ထို့အပြင် ကျောင်းအတွက် ပံ့ပိုးသွားမည့် အထောက်အပံ့နှင့် လိုအပ်သော ပရိုဂရမ် ပြင်ဆင်ချိန်ညှိချက်တစ်ခုခု၏ ဖော်ပြချက်တစ်ရပ်ကို IEP တွင် ထည့်သွင်းရမည်။ IEP တွင် ဝန်ဆောင်မှုများနှင့် ပြင်ဆင်ချိန်ညှိမှုများ စတင်ရေးအတွက် ခန့်မှန်းရက်စွဲနှင့် ဝန်ဆောင်မှုများနှင့် ပြင်ဆင်ချိန်ညှိမှုများ ပြုလုပ်ရန် မျှော်မှန်းထားသည့် အကြိမ်ရေ၊ နေရာနှင့် ကြာချိန်တို့ကိုပါ ထည့်သွင်းထားရမည်။

## ပြည်နယ် အကဲဖြတ်ချက်များ

ဖယ်ဒရယ်များအရ ပြည်နယ်ပညာရေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ကျောင်းများသည် ကလေးများအား ပညာသင်ကြားပေးရာတွင် အောင်မြင်မှုရှိ၊ မရှိကို ဆုံးဖြတ်ရန် ပြည်နယ် အကဲဖြတ်ချက်များကို ကလေးအားလုံးထံသို့ ပေးအပ်ရမည်။ တက္ကဆက်ပြည်နယ်တွင် ပညာရေး အကြောင်းအရာဆိုင်ရာ စံချိန်စံညွှန်းများကို Texas Essential Knowledge and Skills (တက္ကဆက်ပြည်နယ်၏ မရှိမဖြစ်လိုအပ်သော ဗဟုသုတနှင့် အရည်အချင်းများ) ဟု သိကြပြီး ယင်းကို TEA ဝက်ဘ်ဆိုက်တွင် တွေ့နိုင်သည် (လင့်ခ်- bit.ly/3bFeuSk)။ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ရရှိသည့် မသန်စွမ်းကလေးများသည် သင့်လျော်သော ပြည်နယ် အကဲဖြတ်ချက်များကို ဖြေဆိုရမည်ဖြစ်ပြီး ပုံမှန်အကဲဖြတ်ချက်ကို ဖြစ်စေ၊ သိသာအထင်ရှားဆုံး သိမြင်နားလည်မှု ချို့ယွင်းချက်ရှိသည့် ကလေးများအတွက် အခြား ပညာရေး အောင်မြင်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အခြား အကဲဖြတ်မှုကိုဖြစ်စေ ဖြေဆိုရမည်။ သင့်ကလေးက ပုံမှန် အကဲဖြတ်မှု သို့မဟုတ် အခြားအကဲဖြတ်မှုကို ခံယူသည်ဖြစ်စေ အကဲဖြတ်မှုက ပြည်နယ်၏ အခက်အခဲရှိသော ပညာရေး အကြောင်းအရာ စံနှုန်းများနှင့် ကိုက်ညီထားပြီး လိုအပ်ပါက သင့်ကလေးသည် သင့်ကလေး၏ IEP တွင် ညွှန်ပြထားသည့်အတိုင်း သင့်လျော်သော ပြည်နယ်နှင့် ခရိုင်အနှံ့ အကဲဖြတ်မှုများဆိုင်ရာ နေရာချထားမှုများကို လက်ခံရရှိရမည်။

ARD ကော်မတီ၏ ဆုံးဖြတ်ချက်အရ အကဲဖြတ်မှုများတွင် သင့်ကလေးပါဝင်ရေးအတွက် နေရာချထားမှုများ လိုအပ်သည်ဆိုလျှင် IEP တွင် သင့်တော်သည့် နေရာချထားမှုများဆိုင်ရာ ဖော်ပြချက်တစ်ရပ်ကို ထည့်သွင်းရမည်။ TEA ဝက်ဘ်ဆိုက်မှ ညှိနှိုင်းစီစဉ်မှု အချက်အလက်များကို ကြည့်ရှုနိုင်သည် (လင့်ခ်- bit.ly/3sq2vht)။

အထူးပြည်နယ်အကဲဖြတ်ချက် သို့မဟုတ် ခရိုင်လုံးဆိုင်ရာ အကဲဖြတ်ချက်အစား အခြားအကဲဖြတ်ချက်တစ်ခုကို သင့်ကလေးက ဖြေဆိုရမည်ဟု ARD ကော်မတီက ဆုံးဖြတ်လိုက်လျှင် ပုံမှန်အကဲဖြတ်ချက်တွင် သင့်ကလေး မပါဝင်နိုင်သည့် အကြောင်းရင်းနှင့် ရွေးချယ်ထားသည့် အခြားအကဲဖြတ်ချက်က ကလေးအတွက် သင့်တော်ရသည့် အကြောင်းရင်း ဖော်ပြချက်ကို IEP တွင် ထည့်သွင်းဖော်ပြရမည်။ ဤကိစ္စရပ်တွင် TEA က ရေးဆွဲထားသည့် အခြားအကဲဖြတ်ချက်တွင် ပါဝင်မှုပုံစံကို သင့်ကလေး၏ IEP တွင် တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းရမည်။ ၎င်းအပြင် သင့်ကလေးက အခြားအကဲဖြတ်ချက်များကို ဖြေဆိုနေပါက သင့်ကလေး၏ IEP တွင် စံအမှတ်များ သို့မဟုတ် ကာလတို ရည်မှန်းချက်များကို ထည့်သွင်းရမည်။ စံအမှတ်များ သို့မဟုတ် ကာလတို ရည်မှန်းချက်များကို အခြားပညာရေး အောင်မြင်မှု စံနှုန်းများနှင့် ကိုက်ညီသည့် အခြားအကဲဖြတ်မှုကို ခံယူနေသည့် အသိသာဆုံးသော သိမြင်နားလည်မှု ချို့ယွင်းချက်ရှိသော ကလေးများအတွက်သာ လိုအပ်ပါသည်။

## အကူးအပြောင်း

IDEA နှင့် ပြည်နယ် ဥပဒေများမှ ချမှတ်ထားသည်မှာ အသက်ပိုကြီးသည့် ကလေးများအတွက် IEPs သည် အကူးအပြောင်း ဝန်ဆောင်မှုများကို လုပ်ကိုင်ပေးသည်။ အကူးအပြောင်း ဝန်ဆောင်မှုများမှာ ကျောင်းမှ ကျောင်းတက်ပြီးနောက်အထိ အက်တီဗတီများကို ဆက်လက်လုပ်ဆောင်နိုင်ရေး ကလေးအား အကူအညီပေးရန် ပုံဖော်ထားသည့် ပူးပေါင်းဆောင်ရွက်သော အက်တီဗတီတစ်စုံဖြစ်ပါသည်။ အသွင်ကူးပြောင်းသည့် အသက်အရွယ်တွင် စတင်ရမည်ဖြစ်သော်လည်း ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေတွင် ကွဲပြားသည်။ သို့ဖြစ်၍ 19 TAC §89.1055 အောက်ရှိ ကော်မရှင်အဖွဲ့ဝင် စည်းမျဉ်းများအရ ဖက်ဒရယ်နှင့် ပြည်နယ်အဆင့် အကူးအပြောင်းဝန်ဆောင်မှုများသည် ပထမဆုံး IEP ကို ကျောင်းသား အသက် 14 နှစ် ပြည့်ချိန်ထက် နောက်မကျဘဲ စတင်အကောင်အထည်ဖော်ရန် လိုအပ်သည်။ ထို့ကြောင့် ပထမဆုံး IEP ကို အကောင်အထည်ဖော်ရမည့် ကျောင်းသား အသက် 14 နှစ်ပြည့်ချိန်ထက် နောက်မကျစေရဘဲ ARD ကော်မတီသည် IEP ရှိ အောက်ပါ ပြဿနာများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကာ သင့်လျော်မှုရှိပါက ၎င်းတို့ကို ဖြေရှင်းရမည်-

(1) အစိုးကျောင်း ပညာရေးစနစ်မှထွက်၍ အပြင်ဘဝသို့ ကူးပြောင်းရာတွင် ကျောင်းသား၏ သင့်လျော်သည့်ပါဝင်မှု၊

(2) ကျောင်းသား၏မိဘများနှင့် အောက်ပါပုဂ္ဂိုလ်တို့က ဖိတ်ခေါ်ထားသော အခြားသူများကို ကျောင်းသား၏ အကူးအပြောင်းတွင် သင့်တော်စွာ ပါဝင်စေခြင်း-

   a. ကျောင်းသား၏ မိဘများ သို့မဟုတ်
   
   b. ကျောင်းသားကို စာရင်းသွင်းထားသော ကျောင်းခရိုင်၊

(3) အထက်တန်းလွန် ကျောင်းသင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်မှု အပါအဝင် အထက်တန်းအောင်ပြီးနောက်ပိုင်း သင့်တော်သည့်

ပညာရေးအတွက်ရွေးချယ်စရာများ၊

(4) အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သော လုပ်နိုင်ကိုင်နိုင်စွမ်းရည်များကို သင့်တော်စွာ အကဲဖြတ်စိစစ်ခြင်း၊

(5) ဝန်ဆောင်မှုများ သို့မဟုတ် အများပြည်သူအကျိုးခံစားခွင့်များ ရရှိရန်အတွက် ကျောင်းသား သို့မဟုတ် ကျောင်းသား၏မိဘများအား အစိုးရအေဂျင်စီထံ ရည်ညွှန်းပေးမှု အဆင်ပြေချောမွေ့စေရေး သင့်လျော်သည့်အခြေအနေများ။ ထိုသို့ရည်ညွှန်းပေးမှုတွင် ကျောင်းသားအတွက် ရရှိနိုင်သော အကျိုးခံစားခွင့်များအတွက် ကျောင်းသားအား စောင့်ဆိုင်းစာရင်းတွင် ထည့်သွင်းရန် အစိုးရအေဂျင်စီထံ ရည်ညွှန်းပေးမှု ပါဝင်သည်။ ၎င်းအပြင်

(6) သင့်တော်သည့် အောက်ဖော်ပြပါအရာများကို အသုံးပြုမှုနှင့် ရရှိနိုင်မှု-

a. ထပ်မံဖြည့်စွက်ထားသော အကူအညီများ၊ ဝန်ဆောင်မှုများ၊ သင်ရိုးညွှန်းတမ်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှု စွမ်းရည်များတွင် ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသားအား အကူအညီပေးရန် အခြားသောအခွင့်အလမ်းများနှင့်

b. အထောက်အကူပေးထားသော စိတ်ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ သဘောတူညီချက်အပါအဝင် ကျောင်းသားတစ်ဦး၏ အမှီအခိုကင်းမှုနှင့် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်မှုကို ပျိုးထောင်ပေးမည့် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများ။

ပထမဆုံး IEP ကို ကျောင်းသား အသက် 14 နှစ်ပြည့်ချိန် သို့မဟုတ် ARD ကော်မတီက သင့်လျော်သည်ဟု ဆုံးဖြတ်လိုက်သည့် ထိုထက်ငယ်သည့် အသက်ပြည့်ချိန်ထက် နောက်မကျစေရဘဲ စတင်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ထို IEP တွင် ပါဝင်ရမည့်အရာများမှာ-

1. သင်တန်း၊ ပညာရေး၊ အလုပ်အကိုင်နှင့် အမှီအခိုကင်းသည့် ဘဝရပ်တည်မှုဆိုင်ရာ စွမ်းရည်များနှင့်ဆက်စပ်သည့် အသက်အရွယ်အလိုက် အကူးအပြောင်း လုပ်နိုင်မှုစွမ်းရည် အကဲဖြတ်ချက်များအပေါ် အခြေခံထားသည့် သင့်တော်ပြီး တိုင်းတာနိုင်သော အထက်တန်းအောင်ပြီးနောက်ပိုင်း ရည်မှန်းချက်များ၊ ၎င်းအပြင်
2. အထက်တန်းအောင်ပြီးနောက်ပိုင်း ရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေး ကျောင်းသားအား အကူအညီပေးရန် လိုအပ်သည့် လေ့လာရန် သင်ခန်းစာများ အပါအဝင် အကူးအပြောင်း ဝန်ဆောင်မှုများ။

ပထမဆုံး IEP ကို ကျောင်းသား အသက် 18 နှစ်ပြည့်ချိန်ထက် နောက်မကျစေရဘဲ စတင်အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ARD ကော်မတီသည် ကျောင်းသား၏ IEP ရှိ အောက်ပါ ပြဿနာများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကာ သင့်လျော်မှုရှိပါက ၎င်းတို့ကို ဖြေရှင်းရမည်-

1. ကျောင်းသား၏ အကူးအပြောင်းကာလနှင့် အနာဂတ်တွင် ကျောင်းသား၏ မိဘများနှင့် အခြားသူများ ပါဝင်မှု၊ သို့သော် မိဘ သို့မဟုတ် အခြားတစ်ယောက်သည် အောက်ပါအခြေအနေနှင့်ကိုက်ညီရမည်-
    a. ကျောင်းသားက သော်လည်းကောင်း၊ ကျောင်းသားကို စာရင်းသွင်းထားသော ကျောင်းခရိုင်က သော်လည်းကောင်း ဖိတ်ခေါ်ထားသူဖြစ်ခြင်း သို့မဟုတ်
    b. ထောက်ကူပေးထားသော ဆုံးဖြတ်ချက်ချမှတ်မှု သဘောတူညီချက်အရပါဝင်ရန် ကျောင်းသား၏ သဘောတူညီချက် ရရှိခြင်းနှင့်
2. ကျောင်းသား၏ အကူးအပြောင်း ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့်အညီ အထက်တန်းအောင်မြင်ပြီးနောက်ပိုင်း ပညာရေး သို့မဟုတ် သင်တန်း၊ အများနှင့်တန်းတူ အခွင့်အရေးများရရှိနိုင်သည့် အလုပ်အကိုင် သို့မဟုတ် အမှီအခိုကင်းစွာ နေထိုင်နိုင်မှုတို့ အတွက် ကျောင်းသားကို ကြိုတင်ပြင်ဆင်ပေးသည့် လူမှုအသိုင်းအဝိုင်းဝန်းကျင်များ သို့မဟုတ် ပတ်ဝန်းကျင်များ အပါအဝင် အသက်အရွယ်နှင့် သင့်တော်သော သင်ကြားပို့ချမှု ပတ်ဝန်းကျင်များကို ရရှိနိုင်ခြင်း။

အကူးအပြောင်းဝန်ဆောင်မှုများနှင့် အထက်တန်း အောင်မြင်ပြီးနောက်ပိုင်း ရည်ရွယ်ချက်များကို ဆွေးနွေးမည့် ARD ကော်မတီအစည်းအဝေးကို သင့်ကလေး တက်ရောက်သင့်သည်။ အစည်းအဝေးသို့ သင့်ကလေး မတက်ရောက်လျှင် ARD ကော်မတီသည် သင့်ကလေး၏ ဦးစားပေးမှုများနှင့် စိတ်ဝင်စားမှုများကို ထည့်သွင်းစဉ်းစားထားကြောင်း သေချာစေရန် အခြားအဆင့်များကို မဖြစ်မနေ ပြုလုပ်ရမည်။ သင့်ကလေးသည် အနည်းဆုံး အသက် 14 နှစ်ရှိပြီး အသက် 18 ထက်ငယ်ပါက သင့်အပြင် သင်နှင့် ကျောင်းက ပါဝင်ရန် ဖိတ်ခေါ်ထားသော အခြားသူများကိုပါ ကျောင်းသား၏ ကူးပြောင်းမှုတွင် ပါဝင်စေရန် ARD ကော်မတီသည် စဉ်းစားရပါမည်။ ၎င်းအပြင် သင့်လျော်သည့်အတိုင်းအတာအထိ သင့်ခွင့်ပြုချက်စာ သို့မဟုတ် အရွယ်ရောက်ပြီးသူကျောင်းသား၏ခွင့်ပြုချက်စာဖြင့် ကျောင်းသည် အကူးအပြောင်းဝန်ဆောင်မှု ပံ့ပိုးရန်တာဝန်ရှိသော သို့မဟုတ် ၎င်းအတွက်အခကြေးပေးချေပေးရန် တာဝန်ရှိသော ပါဝင်ဆောင်ရွက်သည့်အေဂျင်စီတစ်ခု၏ ကိုယ်စားလှယ်တစ်ဦးကိုဖိတ်ခေါ်ရမည်။

## အရွယ်ရောက်ပြီးသူ ကျောင်းသားများ

သင့်ကလေးသည် အသက် 18 ပြည့်ချိန်တွင် ကလေးသည် အရွယ်ရောက်ပြီးသူ ကျောင်းသားတစ်ဦး ဖြစ်လာသည်။ ဥပဒေက သတ်မှတ်ချက်ပြည့်မီမှု မရှိပါဟု ဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိပါက အရွယ်ရောက်ပြီးသူ ကျောင်းသားများတွင် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့် ရှိကြပါသည်။ သင့်ကလေးအသက် 18 နှစ် မပြည့်မီ အနည်းဆုံးတစ်နှစ်အလိုတွင် ကျင်းပသည့် ARD ကော်မတီအစည်း အဝေးတွင် သင့်ကလေးအနေဖြင့် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်ကို ၎င်း၏မိဘများထံမှ ၎င်းထံ လွှဲပြောင်းတော့မည်ကို သိရပါမည်။ သင့်ကလေး၏ IEP တွင် အဆိုပါ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်သည် မိဘထံမှ ကလေးထံသို့ ကူးပြောင်းခွင့်ကို အသိပေးသည့်

အတည်ပြုချက် ထည့်သွင်းရပါမည်။ ထို့ပြင် ယင်းအသိပေးချက်တွင် အုပ်ထိန်းခွင့်၊ အုပ်ထိန်းခွင့်မှ အခြားရွေးချယ်စရာများအကြောင်း ဝေမျှထားသော သတင်းအချက်အလက်များနှင့် အရင်းအမြစ်များနှင့် အမှီအခို ကင်းသော နေထိုင်မှုတွင် အကူအညီပေးရန် ရည်ရွယ်ထားသော အခြားပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများအကြောင်း ဝေမျှထားသော သတင်းအချက်အလက်များ ပါဝင်ရမည်။

သင့်အခွင့်အရေးများသည် သင်၏ အရွယ်ရောက်ပြီးသော ကျောင်းသားထံသို့ ကူးပြောင်းရာတွင် သင်နှင့် သင်၏အရွယ်ရောက်ပြီးသော ကျောင်းသားသည် အနာဂတ်တွင် လိုအပ်မည့် အကြောင်းကြားမှုများကို လက်ခံရရှိပါမည်။ သို့သော် ARD ကော်မတီ အစည်းအဝေးများ၏ အကြောင်းကြားမှုများမှာ အစည်းအဝေး တက်ရောက်ရန် သင့်အား ဖိတ်ကြားသည့် ဖိတ်ခေါ်စာ မဟုတ်ပါ။ သင်၏ အရွယ်ရောက်ပြီးသော ကျောင်းသားက သင့်ကို ဖိတ်ကြားပါက သို့မဟုတ် သင့်ကိုဖိတ်ကြားရန် ကျောင်းကို ခွင့်ပြုချက်ပေးပါက အစည်းအဝေးများကို သင်တက်ရောက်နိုင်သည်။

## အော်တစ်ဇင်ရှိသည့် ကလေးများ

19 TAC §89.1055(g) အရ အော်တစ်ဇင်ဖြစ်နေသည့် ကလေးတစ်ဦးအတွက် အနည်းဆုံး နှစ်စဉ် ထည့်သွင်းစဉ်းစားရမည့် နည်းလမ်း 11 ခုရှိပြီး ၎င်းတို့သည် တတ်နိုင်သမျှ လက်တွေ့ကျရမည်ဖြစ်သကဲ့သို့ ပညာရှင်များ ပြန်လည်သုံးသပ်ထားသည့် သုတေသနအခြေပြု ပညာရေး ပရိုဂရမ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများ ဖြစ်ရမည်။ လိုအပ်သည့်အခါတိုင်း ထိုနည်းလမ်းများကို IEP တွင် ထည့်သွင်းဆောင်ရွက်ရမည်။ မလိုအပ်သည့်အခါတွင် IEP တွင် ဆုံးဖြတ်ချက်အပေါ် သက်ရောက်သည့်အချက်များနှင့် ထိုဆုံးဖြတ်ချက်များ ချမှတ်ရန် အခြေခံသည့်အချက်များ ပါဝင်သည့် ဖော်ပြချက်တစ်ရပ်ကို ထည့်သွင်းရမည်။ ARD ကော်မတီက ထည့်သွင်းစဉ်းစားရမည့် နောက်ထပ် နည်းလမ်းများမှာ-

- ထပ်တိုးထားသည့် ပညာရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲမှု၊
- အနည်းဆုံး အားလပ်ချိန်နှင့် သင်ယူမှုများတွင် တက်ကြွစွာ ပါဝင်မှုကို ထင်ဟပ်ပြသနေသော နေ့စဉ် အချိန်ဇယားများ၊
- အိမ်တွင်းနှင့် ရပ်ရွာတွင်းအခြေပြု သင်တန်း သို့မဟုတ် အလားအလာရှိသည့် အခြား နည်းလမ်းများ၊
- အပြုသဘောဆောင်သည့် အပြုအမူကို ထောက်ပံ့ပေးသော နည်းလမ်းများ၊
- အနာဂတ် အစီအမံ၊
- မိဘ/မိသားစု သင်တန်းနှင့် အထောက်အပံ့၊
- ဖော်ထုတ်သတ်မှတ်ထားသည့် ဆောင်ရွက်ချက်များနှင့် လျော်ကန်သော ဝန်ထမ်းနှင့် ကလေးအချိုး၊
- ဆက်သွယ်ပြောဆိုမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်ခြင်းများ၊
- လူမှုပေါင်းသင်းဆက်ဆံရေး တတ်မြောက်မှု အထောက်အပံ့များနှင့် နည်းလမ်းများ၊
- ပညာသင်ကြားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်/ဝန်ထမ်း၏ ထောက်ပံ့ကူညီမှုနှင့်
- သက်တူရွယ်တူ-သုံးသပ်ချက်၊ သုတေသနအပေါ် အခြေပြုသော ကျင့်သုံးမှုများအပေါ် အခြေခံသည့် သင်ကြားပို့ချမှု နည်းလမ်းများ။

## နားမကြားသော သို့မဟုတ် အကြားအာရုံ ချွတ်ယွင်းမှုရှိသော ကလေးများ

နားမကြားသော သို့မဟုတ် အကြားအာရုံ ချွတ်ယွင်းမှုရှိသော ကလေးတစ်ဦးအတွက် ARD ကော်မတီမှ ထည့်သွင်းစဉ်းစားရမည်မှာ ကလေး၏-

- ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှု လိုအပ်ချက်များ၊
- ကလေး၏ ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှုပုံစံဖြင့် သက်တူရွယ်တူများ၊ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများနှင့် တိုက်ရိုက်ပြောဆိုနိုင်ရေးအတွက် အခွင့်အလမ်းများ၊
- ပညာရေးလယ်ဗယ်နှင့်
- ကလေး၏ ဘာသာစကားနှင့် ဆက်သွယ်ပြောဆိုမှုပုံစံဖြင့် တိုက်ရိုက်သင်ကြားပို့ချမှု အခွင့်အလမ်းများ အပါအဝင် ကလေး၏ လိုအပ်ချက်အမျိုးမျိုး။

## မျက်မမြင် သို့မဟုတ် အမြင်အာရုံချွတ်ယွင်းမှုရှိသည့် ကလေးများ

ပြည်နယ်ဥပဒေအရ မျက်မမြင်စာသည် ကလေးအတွက် သင့်လျော်သော စာပေတတ်မြောက်ရေး အထောက်အကူပြုနိုင်သည့်အရာ မဟုတ်ကြောင်း ARD ကော်မတီမှ ဆုံးဖြတ်ပြီး စာရွက်စာတမ်း တင်ပြခြင်း မရှိပါက၊ မျက်စိမမြင်သော သို့မဟုတ် အမြင်အာရုံ ချွတ်ယွင်းမှုရှိသော ကလေးတစ်ဦးအတွက် ARD ကော်မတီအနေဖြင့် ကလေး၏ IEP သင်ကြားပို့ချမှုတွင် မျက်မမြင်စာနှင့် မျက်မမြင်စာ အသုံးပြုခြင်း ထည့်သွင်းရမည်။ ARD ကော်မတီ၏ ဆုံးဖြတ်ချက်သည် ကလေးအတွက် သင့်တော်မှန်ကန်သော

စာပေတတ်မြောက်ရေး အထောက်အကူပြုသည့်အရာအပေါ် အကဲဖြတ်စိစစ်မှု၊ စာပေတတ်မြောက်မှု စွမ်းရည်များ၊ ကလေးတစ်ဦး၏ လက်ရှိနှင့် အနာဂတ် သင်ကြားပို့ချမှုဆိုင်ရာ လိုအပ်ချက်များကို အခြေပြုရမည်။

ပြည်နယ်ဥပဒေအရ မျက်စိမမြင်သော သို့မဟုတ် အမြင်အာရုံ ချွတ်ယွင်းမှုရှိသော ကလေးတစ်ဦးအတွက် ကလေး၏လိုအပ်ချက်များကို ARD ကော်မတီမှ ထည့်သွင်းစဉ်းစားရမည်မှာ-

- မျက်မမြင်စာနှင့် အယူအဆဖွံ့ဖြိုးဖော်ဆောင်မှုကဲ့သို့သော အစားထိုးတတ်မြောက်မှုများ၊ သင်ရိုးညွှန်းတမ်းတစ်ခုလုံးကို သင်ယူနိုင်ရန် လိုအပ်သည့် အခြားကျွမ်းကျင်မှုများ၊
- နေရာနှင့် နေသားကျရန် လေ့ကျင့်ပေးခြင်းနှင့် ရွေ့လျားသွားလာမှုဆိုင်ရာ သင်ကြားပို့ချခြင်း၊
- လူမှုပေါင်းသင်းဆက်ဆံရေး တတ်ကျွမ်းမှုများ၊
- အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အစီအမံ၊
- အကူအညီပေးသည့် နည်းပညာ၊ မျက်စိအာရုံကြောဆိုင်ရာ ကိရိယာများ အပါအဝင်၊
- အမှီအခိုကင်းသည့် ဘဝရပ်တည်မှုဆိုင်ရာ စွမ်းရည်များ၊
- အပန်းဖြေခြင်းနှင့် အနားယူခြင်း၊
- မိမိဘာသာ ဆုံးဖြတ်ပိုင်ခွင့်နိုင်စွမ်းနှင့်
- အာရုံခံမှုဆိုင်ရာ ထိရောက်မှု။

## အပြုအမူပိုင်းဆိုင်ရာ တိုးတက်မှု သို့မဟုတ် ကြားဝင်ဆောင်ရွက်မှု အစီအစဉ် (BIP)

အပြုအမူပိုင်းဆိုင်ရာ တိုးတက်မှု အစီအစဉ် သို့မဟုတ် အပြုအမူပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု အစီအစဉ် (BIP) က သင့်ကလေးအတွက် သင့်လျော်သည်ဟု ARD ကော်မတီက ဆုံးဖြတ်လျှင် သင့်ကလေး IEP တွင် အစီအစဉ်ကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ထည့်သွင်းရမည်ဖြစ်ပြီး သင့်ကလေးအား သင်ကြားပေးနေသည့် တာဝန်ရှိဆရာတိုင်းထံသို့ ပေးအပ်ရမည်။

## ထပ်တိုး ကျောင်းစာသင်နှစ် ဝန်ဆောင်မှုများ (ESY)

သင့်ကလေး၏ IEP အတွက် နှစ်စဉ် ပြန်လည်သုံးသပ်ချိန်တွင် သင့်ကလေးသည် ESY ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီခြင်း ရှိ၊ မရှိကို ARD ကော်မတီက ထည့်သွင်းစဉ်းစားရမည်။ တရားဝင်အကဲဖြတ်ချက်နှင့် အလွတ်သဘော အကဲဖြတ်ချက်များသုံး၍ သင်နှင့် ခရိုင်တို့ စုစည်းရယူထားသော ဒေတာများသုံးပြီး ESY ဝန်ဆောင်မှုများ အတွက် လိုအပ်ချက်ကို မှတ်တမ်းတင်ထားရမည်။ သင့်ကလေး၏ လက်ရှိ IEP ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များတွင် ဖော်ပြထားသော၊ မကြာသေးခင် ကာလအတွင်း သင့်ကလေးတွင် တိုးတက်မှုများရှိကြောင်း ပြသထားသော အရေးကြီးသည့်နယ်ပယ် တစ်ခုနှင့်အထက်တွင် သင့်ကလေးသည် သိသိသာသာ သို့မဟုတ် ဆိုးဆိုးရွားရွား ဆုတ်ယုတ်မှုရှိကြောင်း ပြသနေပြီး သို့မဟုတ် ထိုသို့ဖြစ်တော့မည်ဟု ကျိုးကြောင်းခိုင်လုံစွာ မျှော်မှန်းနိုင်ပြီး အဆိုပါဆုတ်ယုတ်မှုများသည် သင့်လျော်သောအချိန်ကာလ တစ်ခုအတွင်း ပြန်လည်တိုးတက် မလာနိုင်ပါက သင့်ကလေးသည် ESY ဝန်ဆောင်မှုများအတွက် အရည်အချင်း ပြည့်မီနိုင်ပါသည်။ ဆိုးဆိုးရွားရွား သို့မဟုတ် သိသိသာသာ ဆုတ်ယုတ်မှု ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ ကလေးသည် ESY ဝန်ဆောင်မှုများ မရရှိပါက အရေးကြီးသည့် IEP နယ်ပယ်တစ်ခုနှင့်အထက်တွင် ယခင်က ရရှိထားပြီးသော တိုးတက်မှုကို ထိန်းသိမ်းနိုင်စွမ်း မရှိခြင်း သို့မဟုတ် ထိန်းသိမ်းနိုင်စွမ်း ရှိမည် မဟုတ်ခြင်းကို ဆိုလိုသည်။

ESY ဝန်ဆောင်မှုများကို သင့်ကလေး လိုအပ်ကြောင်း ARD ကော်မတီက ဆုံးဖြတ်လျှင် ESY ဝန်ဆောင်မှုများအတွင်း မည်သည့်နယ်ပယ်များကို ဖော်ဆောင်သွားမည်ကို IEP က သတ်မှတ်ဖော်ထုတ်ရမည်။ ကလေး၏ နှစ်စဉ် IEP ပြန်လည်သုံးသပ်မှု အစည်းအဝေးတွင် ESY ဝန်ဆောင်မှုများအတွက် လိုအပ်ချက်ကို ARD ကော်မတီက ဆွေးနွေးရန်လိုသည်။

## နေရာချထားမှု

IDEA သတ်မှတ်ချက်အရ မသန်စွမ်းကလေးတစ်ဦးကို ကန့်သတ်ချက်အနည်းဆုံးရှိသည့် ပတ်ဝန်းကျင်တွင် ပညာသင်ကြားစေရမည်။ ဆိုလိုသည်မှာ သင့်လျော်မှု အတိုင်းအတာအစွမ်းကုန်အထိ သင့်ကလေးကို သာမန်ကလေးများနှင့်နည်းတူ ပညာသင်ကြားပေးရပါမည်။ သင့်ကလေးမသန်စွမ်းဖြစ်မှု၏ သဘောသဘာဝ သို့မဟုတ် ပြင်းထန်မှုသည် ပုံမှန်စာသင်ခန်းတွင် ဖြည့်စွက် အကူအညီများနှင့် ဝန်ဆောင်မှုများရယူ၍ အဆိုပါပညာရေးကို ကျေနပ်လောက်ဖွယ်အထိ မအောင်မြင်နိုင်မှသာလျှင် ပုံမှန်သင်ကြားရေးပတ်ဝန်းကျင်မှ သင့်ကလေးကို ထုတ်ပယ်နိုင်ပါသည်။

ဖြည့်စွက်အကူအညီများနှင့် ဝန်ဆောင်မှုများဆိုသည်မှာ မသန်စွမ်းကလေးကို သာမန်ကလေးများနှင့် တတ်နိုင်သမျှ အတူပညာသင်ကြားနိုင်ရန် ပုံမှန်စာသင်ခန်းများ၊ အခြားပညာရေးနှင့် ဆက်စပ်သည့် ပတ်ဝန်းကျင်များ၊ အပိုသင်ရိုးညွှန်းတမ်းနှင့် ပညာရေးမဟုတ်သည့် ပတ်ဝန်းကျင်များတွင် ပံ့ပိုးထားသည့် အကူအညီများ၊ ဝန်ဆောင်မှုများနှင့် အခြားအထောက်အပံ့များဖြစ်ပါသည်။

အထူးပညာရေးလုပ်ငန်းစဉ်ရှိ အဓိကအစိတ်အပိုင်းတစ်ရပ်တွင် ကလေး၏ IEP ကို အကောင်အထည်ဖော်ဆောင်ရေးအတွက် သင့်လျော်သော ပညာရေးဆိုင်ရာ နေရာချထားမှုကို ဆုံးဖြတ်ခြင်း ပါဝင်သည်။ နေရာချထားခြင်းဆိုသည်မှာ မသန်စွမ်းကလေးအတွက် ရရှိနိုင်သော တဖြည်းဖြည်းချင်း အဆင့်တိုးသွားနိုင်သည့် နေရာချထားမှု ရွေးချယ်စရာများထဲမှ နေရာများ (ဆိုလိုသည်မှာ ပုံမှန်စာသင်ခန်းများ၊ အထူးစာသင်ခန်းများ၊ အထူးကျောင်းများ၊ အိမ်တိုင်ရာရောက် သင်ကြားပို့ချမှု၊ ဆေးရုံနှင့် အင်စတီကျူးရှင်းများတွင် လာရောက်သင်ကြားပို့ချမှုများ) ကို ရည်ညွှန်းသည်။ နေရာချထားမှုသည် ဝန်ဆောင်မှုများ ပေးအပ်သည့် နေရာအတည်တကျ သို့မဟုတ် သတ်မှတ်ထားသည့် ရုပ်ပိုင်းဆိုင်ရာ တည်နေရာကို ရည်ညွှန်းခြင်း မဟုတ်ပါ။ ARD ကော်မတီသည် ကလေး၏ IEP အပေါ် အခြေခံ၍ ပညာရေးဆိုင်ရာ နေရာချထားမှုများကို ဆုံးဖြတ်ပါသည်။

## ARD ကော်မတီ ဆုံးဖြတ်ချက်

IEP ပါ အဓိကအကြောင်းအရာများ၏ သတ်မှတ်ချက်နှင့်ပတ်သက်၍ ARD ကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ဖြစ်နိုင်လျှင် ကော်မတီဝင်များ၏ အပြန်အလှန် သဘောတူညီချက်ဖြင့် ချမှတ်ရပါမည်။ ၎င်းအပြန်အလှန် သဘောတူညီချက်ကို အများဆန္ဒဟု ခေါ်သည်။ ARD ကော်မတီသည် အများဆန္ဒကို ရှေးရှုပြီး လုပ်ဆောင်သင့်သော်လည်း နောက်ဆုံးတွင် FAPE ရရှိရန်အတွက် သင့်ကလေးလိုအပ်သည့် ဝန်ဆောင်မှုများကို IEP အတွင်း ပါဝင်ရေးကို မဖြစ်မနေလုပ်ဆောင်ရမည်မှာ ကျောင်း၏တာဝန်သာ ဖြစ်ပါသည်။ အများမဲဆန္ဒကို အခြေခံပြီး ARD ကော်မတီ ဆုံးဖြတ်ချက်ချမှတ်သည်ကို ခွင့်မပြုနိုင်ပါ။ ARD ကော်မတီ၏ ဆုံးဖြတ်ချက်များကို သင်နှင့် အုပ်ချုပ်ရေးမှူးက သဘောတူညီခြင်းရှိမရှိကို IEP တွင် ဖော်ပြထားရပါမည်။

သင်သည် ARD ကော်မတီ၏ ဆုံးဖြတ်ချက်ကို သဘောမတူညီပါက သင်နှင့် ကျောင်းတို့သည် နှစ်ဦးနှစ်ဖက် တစ်နည်းနည်းဖြင့် သဘောတူညီထားမှု မရှိလျှင် ကျောင်းဖွင့်ရက် 10 ရက် ထက်မကျော်သည့် အချိန်အတွင်း ကော်မတီခေတ္တရပ်နားခွင့်တစ်ကြိမ် သင့်ကို ပေးအပ်ပါမည်။ ကော်မတီခေတ္တရပ်နားပြီးမှ ပြန်လည်စည်းဝေးရန် ကမ်းလှမ်းချက်ကို သင်လက်ခံလျှင် ARD ကော်မတီက နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် အချိန်နှင့် နေရာတွင် ကော်မတီပြန်လည်စည်းဝေးရန် စီစဉ်ရမည်။ သို့သော် ကျောင်းဝင်းအတွင်း သင့်ကလေးရှိနေခြင်းက သင့်ကလေး သို့မဟုတ် အခြားကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုအန္တရာယ် ရှိနေလျှင်ဖြစ်စေ၊ ကျောင်းထုတ်ပယ်နိုင်သည့် ပြစ်မှုတစ်ခုကို သင့်ကလေးက ကျူးလွန်လျှင်ဖြစ်စေ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးအရ အခြားပညာရေးအစီအစဉ်သို့ ပြောင်းရွှေ့နေရာချစေနိုင်သည့် ပြစ်မှုတစ်ခုကို ကျူးလွန်လျှင်ဖြစ်စေ ARD ကော်မတီ၏ ဆုံးဖြတ်ချက်များကို သင်သဘောမတူညီလျှင်ပင် ARD ကော်မတီအနေဖြင့် အစည်းအဝေးကို ခေတ္တရပ်နားခြင်းနှင့် ပြန်လည်ကျင်းပခြင်း ပြုလုပ်ရန် မလိုပါ။

ခေတ္တရပ်နားထားစဉ်အတွင်း ARD ကော်မတီဝင်များသည် အခြားနည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်း၊ နောက်ထပ် အချက်အလက်များ စုဆောင်းခြင်း၊ နောက်ထပ် မှတ်တမ်းမှတ်ရာများကို ကြိုတင်ပြင်ဆင်ခြင်းနှင့်/သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရန်အတွက် ARD ကော်မတီကို အထောက်အကူဖြစ်နိုင်မည့် နောက်ထပ် ပုဂ္ဂိုလ်များအား ခေါ်ဆိုခြင်းများ ပြုလုပ်ရမည်။ ARD ကော်မတီ ပြန်လည်တွေ့ဆုံသည့်အချိန်တွင်လည်း သင်က သဘောမတူသေးလျှင် ထိုသဘောမတူညီသည့်အကြောင်းအချက်တွင် ခွင့်ပြုချက်လိုအပ်သည့် ဝန်ဆောင်မှုများကို ကနဦး ဝန်ဆောင်မှုများ ပေးအပ်မှု မပါဝင်ပါက သင့်ကလေးအတွက် သင့်လျော်သည်ဟု ကျောင်းကဆုံးဖြတ်သည့် IEP ကို ကျောင်းက အကောင်အထည်ဖော်ဆောင်ရမည်။

နှစ်ဦးနှစ်ဖက် သဘောတူညီမှု မရရှိနိုင်သည့်အခါ သဘောမတူညီနိုင်ရသည့် အခြေခံအချက်များဖော်ပြထားသောစာကို IEP တွင် ထည့်သွင်းရမည်။ သင်က ARD ကော်မတီ ဆုံးဖြတ်ချက်ကို သဘောမတူညီလျှင် သင့်ကိုယ်ပိုင် သဘောမတူညီကြောင်း ထုတ်ပြန်ချက်ကို ရေးသားရန် သင့်ကို တောင်းဆိုနိုင်သည်။ ပိုတိုတောင်းသည့် အချိန်ကို သင်သဘောမတူ ထားပါက IEP အကောင်အထည်ဖော်ဆောင်မှုမပြုမီ ကြိုတင်အသိပေးစာကို အနည်းဆုံး ကျောင်းဖွင့်ရက် ငါးရက်ကြိုတင်၍ ကျောင်းက သင့်ထံ ပေးအပ်ရမည်။

ARD ကော်မတီသည် IEP ၏ လိုအပ်သော အစိတ်အပိုင်းများ အားလုံးကို သဘောတူညီချက် မရရှိခြင်းမှလွဲ၍ အခြားအကြောင်းရင်းများအတွက် ရပ်နားရန် ရွေးချယ်နိုင်သည်။

## IEP မိတ္တူ

သင့်ကလေး၏ IEP မိတ္တူတစ်စောင်ကို ကျောင်းက သင့်ထံ အခမဲ့ ပေးအပ်ရမည်။ သင်သည် အင်္ဂလိပ်လိုမပြောတတ်ဘဲ သင့်မိခင်ဘာသာစကားမှာ စပိန်ဘာသာစကားဖြစ်လျှင် 19 TAC §89.1055(r) အရ စပိန်ဘာသာသို့ ပြန်ဆိုထားသော သင့်ကလေး၏ IEP မိတ္တူစာကိုဖြစ်စေ အသံသွင်းထားသည့် ဖိုင်ကိုဖြစ်စေ သင့်ထံသို့ ပေးအပ်မည်ဖြစ်ပါသည်။ သင်သည် အင်္ဂလိပ်လို မပြောတတ်ဘဲ သင့်မိခင်ဘာသာစကားမှာ စပိန်ဘာသာစကား မဟုတ်သော အခြားဘာသာစကားဖြစ်လျှင် သင့်မိခင်ဘာသာစကားသို့ ပြန်ဆိုထားသော သင့်ကလေး၏ IEP မိတ္တူစာကိုဖြစ်စေ အသံသွင်းထားသည့် ဖိုင်ကိုဖြစ်စေ ပေးအပ်နိုင်ရန် ကျောင်းက စိတ်ရင်းစေတနာမှန်ဖြင့် အားထုတ်ရမည်။ သင်သည် အင်္ဂလိပ်လိုမပြောတတ်ဘဲ သင့်မိခင်ဘာသာစကားမှာ အရေးဘာသာစကားမဟုတ်ပါက သင့်ကလေး၏ IEP ကို နှုတ်ဖြင့်ဖြစ်စေ၊ အခြားပုံစံဖြင့်ဖြစ်စေ သင့်မိခင်ဘာသာစကားသို့ ပြန်ဆိုပေးနိုင်စေရန် ကျောင်းက စတင်ဆောင်ရွက်ရမည်။ ရေးသားထားသည့် ဘာသာပြန်ဆိုမှုဆိုသည်မှာ သင့်ကလေး၏ IEP တွင်ပါသော စာသားများအားလုံးကို စာဖြင့် ရေးသားပြန်ဆိုထားခြင်းဖြစ်သည်။ အစည်းအဝေးကို စကားပြန်တစ်ဦး၏ အကူအညီဖြင့် တက်ရောက်ထားပါက သင့်ကလေး၏ IEP ပါ ကြောင်းအရာများကို နှုတ်အားဖြင့် ဘာသာပြန်ဆိုထားပြီး အသံသွင်းထားသရွေ့ ARD ကော်မတီအစည်းအဝေး၏ အသံဖိုင် သို့မဟုတ် အစည်းအဝေးအကြောင်း ဘာသာပြန်ဆိုမှုကို ကျောင်းက သင့်အား ပံ့ပိုးပေးနိုင်ပါသည်။

ARD ကော်မတီအစည်းအဝေးတွင် ဆောင်ရွက်သည်များကို မိဘများ နားလည်ကြောင်း သေချာစေရန်အတွက် နားမကြားသော သို့မဟုတ် အကြားအာရုံချို့ယွင်းသော သို့မဟုတ် မိခင်ဘာသာစကားမှာ အင်္ဂလိပ်ဘာသာစကား မဟုတ်သော မိဘများအတွက် စကားပြန်စီစဉ်ပေးခြင်း အပါအဝင် လိုအပ်သော ကျိုးကြောင်းဆီလျော်သည့် ကိစ္စမှန်သမျှကို ကျောင်းက လုပ်ဆောင်ရမည်။

## IEP ကို ပြန်လည်သုံးသပ်ခြင်း

သင့်ကလေး၏ IEP ကို ပြန်လည်သုံးသပ်ရန်နှင့် နှစ်စဉ်ရည်မှန်းချက်များကို ရယူနိုင်မှုရှိမရှိကို ဆုံးဖြတ်ရန် ARD ကော်မတီသည် အနည်းဆုံး တစ်နှစ်တစ်ကြိမ် အစည်းအဝေးပြုလုပ်ရမည်။ သင့်ကလေး၏ IEP ကို ပြန်လည်စိစစ်ရန် ARD ကော်မတီသည် တစ်နှစ်တစ်ကြိမ်ထက်ပို၍တွေ့ဆုံနိုင်ပြီး အောက်ပါတို့ကို သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

- အထွေထွေသင်ရိုးညွှန်းတမ်းအတွင်းနှင့် နှစ်စဉ်ရည်မှန်းချက်များတွင် မျှော်မှန်းထားသည့် တိုးတက်မှုမရရှိခြင်းအား ဖြေရှင်းရန်၊
- ပြန်လည်အကဲဖြတ် သုံးသပ်မှုတစ်ခုခု၏ ရလဒ်များကို ကိုင်တွယ်ရန်၊
- မိဘထံသို့ သို့မဟုတ် မိဘထံမှ ပံ့ပိုးပေးထားသည့် ကလေးနှင့်ဆက်စပ်သော အချက်အလက်ကို ကြည့်ရှုရန်၊
- ကလေး၏ မျှော်မှန်းထားသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သို့မဟုတ်
- အခြားကိစ္စရပ်များကို ဆောင်ရွက်ရန်တို့ဖြစ်သည်။

သင့်ကလေးနှင့်ပတ်သက်သော ပညာရေးဆိုင်ရာ စိုးရိမ်မှုများကို ဆွေးနွေးရန် ARD ကော်မတီအစည်းအဝေးတစ်ရပ်ကို သင်တောင်းဆိုနိုင်သည်။ အစည်းအဝေးပြုလုပ်ရန် သင့်တောင်းခံစာကို ကျောင်းကလိုက်လျောပေးနိုင်သလို အစည်းအဝေးပြုလုပ်ရန် ငြင်းဆိုရသည့် ကျောင်း၏ ရှင်းပြချက်အသိပေးစာကို ကျောင်းဖွင့်ရက်ငါးရက်အတွင်း သင့်ထံသို့ ပေးပို့နိုင်သည်။ သင်အင်္ဂလိပ်လိုမပြောတတ်ပါက သင့်မိခင်ဘာသာစကားဖြင့် အသိပေးစာပေးပို့ခြင်းမှာ သိသာထင်ရှားစွာ မဖြစ်နိုင်ခြင်း မရှိပါက အသိပေးစာကို သင့်မိခင်ဘာသာစကားဖြင့် ကျောင်းကစီမံပေးအပ်ရမည်။ သင်၏မိခင်ဘာသာစကားမှာ အရေးဘာသာစကားမဟုတ်လျှင် အသိပေးစာကို သင် သေချာနားလည်စေရန် ယင်းကိုနှုတ်ဖြင့်သော်လည်းကောင်း အခြားပုံစံဖြင့်သော်လည်းကောင်း မဖြစ်မနေ ဘာသာပြန်ဆိုထားရန် လိုအပ်သည့်အဆင့်ကို ကျောင်းက လုပ်ဆောင်ရမည်။

ARD ကော်မတီအစည်းအဝေးကို မပြုလုပ်ဘဲ IEP တွင် အပြောင်းအလဲလုပ်ရန် သင်နှင့် ကျောင်းတို့က သဘောတူညီကောင်း တူညီနိုင်ပါသည်။ သို့သော် သတ်မှတ်ချက်ပြည့်မီမှု ဆုံးဖြတ်ချက်တွင် အပြောင်းအလဲဖြစ်ခြင်း၊ နေရာချထားမှုတွင် အပြောင်းအလဲဖြစ်ခြင်းနှင့် ကလေး၏အပြုအမူသည် မသန်စွမ်းမှုကြောင့် ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက်များကို ARD ကော်မတီအစည်းအဝေးတွင် ပြုလုပ်ရမည်။ IEP တစ်ခုကို ARD ကော်မတီအစည်းအဝေးပြင်ပတွင် အပြောင်းအလဲလုပ်လိုက်လျှင် သဘောတူညီထားသည့် အပြောင်းအလဲများကို ထင်ဟပ်စေသည့် စာရွက်စာတမ်း တစ်စုံတစ်ရာ ရှိထားရမည်။ တောင်းဆိုပါက ပူးပေါင်းဆောင်ရွက်ထားသည့် ပြင်ဆင်ဖြည့်စွက်ချက်များပါသော ပြန်လည်သုံး သပ်ထားသည့် IEP မိတ္တူတစ်စောင်ကို ကျောင်းက သင့်ထံသို့ ပေးအပ်ရမည်။ ၎င်းအပြင် ကျောင်းက ကလေး၏ ARD ကော်မတီကို ထိုအပြောင်းအလဲများအကြောင်း မဖြစ်မနေ အသိပေးအပ်ရမည်။

## ပြန်လည်အကဲဖြတ်သုံးသပ်ခြင်း

သင့်ကလေးက အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို စတင်လက်ခံလိုက်ပါက ကာလအပိုင်းအခြားအလိုက် ပြန်လည်အကဲဖြတ်မှုပြုလုပ်ရန် လိုအပ်သည်။ ပြန်လည်အကဲဖြတ်သုံးသပ်ခြင်းအတွက် သင့်ထံမှခွင့်ပြုချက် ရယူရန် ကျောင်းအနေဖြင့် ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကို ပြုလုပ်ရမည်။ ကျိုးကြောင်းဆီလျော်သည့် အားထုတ်မှုများကို ပြုလုပ်သော်လည်း သင်တုံ့ပြန်ရန် ပျက်ကွက်လျှင် သင့်ဆုံးဖြတ်ချက်မပါဘဲ ပြန်လည်အကဲဖြတ်မှုကို ကျောင်းအနေဖြင့် ပြုလုပ်နိုင်သည်။ သင့်ကလေးအား ပြန်လည်အကဲဖြတ်မှုအတွက် ခွင့်ပြုချက်ပေးရန် သင်ငြင်းဆိုပါက ကျောင်းမှ ပြန်လည်အကဲဖြတ်ရန် သဘောတူညီမှုမရှိခြင်းကို ပယ်ချရန်အတွက် ကြားဝင်ဖြေရှင်းမှုကို

တောင်းဆိုခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ကြားနာမှုတစ်ခု တောင်းဆိုနိုင်သော်လည်း မဖြစ်မနေလုပ်ဆောင်ရမည် မဟုတ်ပါ။ ကျောင်းသည် သင်၏ ပြန်လည်အကဲဖြတ်မှုအတွက် ခွင့်ပြုချက်ပေးရန် ငြင်းဆိုမှုကို ပယ်ချရန် ကြိုးစားခြင်း မရှိပါက သင့်ကလေးအား အကဲဖြတ်ရန် ၎င်း၏ တာဝန် သို့မဟုတ် ကလေးအား ရှာဖွေရမည့် ၎င်း၏တာဝန်ကို မချိုးဖောက်ခြင်း မရှိပါ။

ပြန်လည်အကဲဖြတ်မှုသည် ကနဦးအကဲဖြတ်မှုနှင့် အသွင်တူသည်။ ပြန်လည်အကဲဖြတ်ခြင်းသည် သင့်ကလေးသည် မသန်စွမ်းကလေးအဖြစ် ဆက်လက်ရှိနေခြင်း ရှိ၊ မရှိနှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဆုံးဖြတ်ရန် လုံလောက်သည့် ပြည့်စုံမှုရှိရပါမည်။ သင်နှင့် ကျောင်းတို့အကြား သဘောတူညီချက် မရရှိပါက သင့်ကလေး၏ လိုအပ်ချက်များအား ပြန်လည်အကဲဖြတ်ခြင်းကို အနည်းဆုံးသုံးနှစ် တစ်ကြိမ်ပြုလုပ်ရပါမည်။ သင်နှင့်ကျောင်းကြား သဘောတူညီချက် မရှိပါက အနည်းဆုံး ပြန်လည်အကဲဖြတ်မှု တစ်ကြိမ်ကို ပြုလုပ်နိုင်သည်။

သင့်လျော်ပါက လက်ရှိ အကဲဖြတ်မှုဒေတာ ပြန်လည်သုံးသပ်ခြင်း (REED) ကို ကနဦးအကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး IDEA အောက်တွင် ကလေးတစ်ဦးကို ပြန်လည် အကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် REED ကို ပြုလုပ်ရမည်။ လက်ရှိအကဲဖြတ်မှုဒေတာကို ပြန်လည်သုံးသပ်ရန်အတွက် ကျောင်းက သင့်သဘောတူညီချက်ကို ရယူရန် မလိုအပ်ပါ။ REED သည် ကနဦးအကဲဖြတ်မှုဖြစ်ပါက ဘက်ပေါင်းစုံ အကဲဖြတ်ရေးအဖွဲ့က ၎င်းကို ဆောင်ရွက်ရမည်။ ထိုသို့မဟုတ်ဘဲ ပြန်လည်အကဲဖြတ်မှုဖြစ်ပါက သင်ပါဝင်သည့် ARD ကော်မတီက ၎င်းကို ဆောင်ရွက်ပေးရမည် ဖြစ်သော်လည်း အစည်းအဝေးတွင် ပြုလုပ်ရန် မလိုအပ်ပါ။ အကဲဖြတ်မှု သို့မဟုတ် ပြန်လည်အကဲဖြတ်မှု အတိုင်းအတာကို ဆုံးဖြတ်ရန်အတွက် အဖွဲ့ဝင်များသည် သင်ပံ့ပိုးပေးသည့် အချက်အလက်အပါအဝင် သင့်ကလေးနှင့်ပတ်သက်သည့် လက်ရှိအကဲဖြတ်မှု ဒေတာကို ပြန်လည်သုံးသပ်ရပါမည်။

သင့်ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရရှိပြီးဖြစ်ပါက သင့်ကလေး၏ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ထပ်တိုးခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ရန်လိုအပ်မှု ရှိမရှိကို ARD ကော်မတီမှ ဆုံးဖြတ်ပေးပါသည်။

သင့်ကလေးသည် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ဆက်လက်လိုအပ်မှု ရှိမရှိကို ဆုံးဖြတ်ရန် နောက်ထပ် အကဲဖြတ်မှုကို မလိုအပ်ပါဟု ARD ကော်မတီက ဆုံးဖြတ်ပါက ဤဆုံးဖြတ်ချက်အတွက် အကြောင်းရင်းများကို သင့်အား ရှင်းပြရပါမည်။ ARD ကော်မတီက လက်ရှိအကဲဖြတ်မှုဒေတာသည် လုံလောက်သည်ဟု အဘယ်ကြောင့် ဆုံးဖြတ်ချက်ချရကြောင်း အကြောင်းပြချက်များကို ရှင်းပြပြီးနောက် သင်၏ တောင်းဆိုချက်မရှိပါက ကျောင်းသည် လိုအပ်သော ပြန်လည်အကဲဖြတ်မှုအတွက် အကဲဖြတ်မှုအသစ် ပြုလုပ်ရန် မလိုအပ်ပါ။

## သီးခြား ပညာရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှု (IEE)

ကျောင်း၏ အကဲဖြတ်ခြင်း သို့မဟုတ် ပြန်လည်အကဲဖြတ်ခြင်းအား သင်သဘောမတူပါက ကျောင်း၏ စရိတ်ဖြင့် IEE တစ်ခုကို သင်တောင်းခံနိုင်ပါသည်။ ကျောင်းသည် သင့်အား IEE ရရှိနိုင်သည့်နေရာ နှင့်ပတ်သက်သည့် အချက်အလက်များကို ပေးဆောင်ရမည်ဖြစ်ပြီး သင့်အား IEE ရရှိရန်အတွက် ကျောင်း၏ စံသတ်မှတ်ချက်မိတ္တူတစ်စောင်ကို ပေးရပါမည်။ IEE သည် ကျောင်း၏ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။ သင်သည် IEE တစ်ခုတောင်းဆိုပါက ကျောင်းသည် မလိုအပ်သည့် နှောင့်နှေးမှု မရှိစေဘဲ IEE အတွက် ငွေပေးချေရမည် သို့မဟုတ် ၎င်း၏ အကဲဖြတ်မှု သင့်တော်ကြောင်း ပြသရန်အတွက် ဥပဒေနှင့်အညီ ကြားနာမှုတစ်ခု တောင်းဆိုရမည်။ ကျောင်းမှ အကဲဖြတ်မှု ပြုလုပ်သည့်အခါတိုင်း သင့်တွင် IEE တစ်ခုသာ အစိုးရစရိတ်ဖြင့် ခံစားခွင့်ရှိသည်။ ကျောင်းက ကြားနာရန် တောင်းဆိုပြီး ကြားနာစစ်ဆေးသည့် အရာရှိက ကျောင်း၏ အကဲဖြတ်ချက်သည် သင့်လျော်သည်ဟု ဆုံးဖြတ်ပါက သင့်တွင် IEE အတွက် အခွင့်အရေးရှိသေးသော်လည်း ကျောင်းက ကုန်ကျခံစရာမလိုပါ။ IEE အတွက် ကျောင်းက ပေးချေခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ FAPE ပြဋ္ဌာန်းချက်ကို လေးစားသောအားဖြင့် ကျောင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော IEE မှရရှိသော အချက်အလက်များကို ARD ကော်မတီက ထည့်သွင်းစဉ်းစားရမည်။

## ဝန်ဆောင်မှုများအတွက် သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းခြင်း

အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ကနဦးပေးဆောင်ရန် သဘောတူခွင့်ပြုသည့် အခွင့်အာဏာ သင့်တွင် ရှိသကဲ့သို့ ဝန်ဆောင်မှုများအတွက် သင်၏ ခွင့်ပြုချက်ကို ရုပ်သိမ်းရန် အခွင့်အာဏာလည်း ရှိသည်။ သင်၏ သဘောတူချက်ကို ရုပ်သိမ်းကြောင်း စာဖြင့်ရေးသားရပါမည်။ ကျောင်းသည် သင်၏ စာဖြင့် ရုပ်သိမ်းခြင်းကို လက်ခံရရှိသည်နှင့် သင့်ဆုံးဖြတ်ချက်ကို လေးစားရပါမည်။ သို့သော် ကျောင်းဝန်ဆောင်မှုများ မရပ်ဆိုင်းမီတွင် ဝန်ဆောင်မှုများကို ရပ်တန့်သွားမည်ဖြစ်ကြောင်း သင့်အား ကြိုတင်အသိပေးစာ ပေးပို့ရပါမည်။ ကျောင်းမှ ဝန်ဆောင်မှုများကို ရပ်ဆိုင်းထားရမည် ဖြစ်သော်လည်း ယခင်က သင့်ကလေး၏ ယခင်အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများနှင့် ပတ်သက်သော ရည်ညွှန်းချက်များကို ဖယ်ရှားရန်အတွက် ကျောင်းသည် သင့်ကလေး၏ ပညာရေးမှတ်တမ်းများကို ပြင်ဆင်ရန် မလိုအပ်ပါ။

အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ဆက်လက် ပံ့ပိုးပေးမှုအတွက် သင်၏ ခွင့်ပြုချက်ကို ရုပ်သိမ်းပါက သင့်ကလေးသည် IDEA အရ မည်သည့်အကာအကွယ်ကိုမှ ခံစားခွင့်ရှိမည် မဟုတ်ပါ။ ထို့အပြင် ဝန်ဆောင်မှုများအတွက် သင့်ခွင့်ပြုချက်ကို ရုပ်သိမ်းပါက သင့်ဆုံးဖြတ်ချက်ကို ပြောင်းလဲရန် သို့မဟုတ် စောဒကတက်ရန် ကြိုးပမ်းသည့်အနေဖြင့် ကျောင်းက ကြားဝင်ညှိနှိုင်းခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ကြားနာခြင်းကို တောင်းဆိုနိုင်မည် မဟုတ်ပါ။

## အထက်တန်းကျောင်းပြီးဆုံးခြင်း

Texas အစိုးရပညာရေးစနစ်၏ ရည်ရွယ်ချက်တစ်ခုမှာ ကျောင်းသားအားလုံး အထက်တန်းကျောင်းအောင်လက်မှတ် မရမချင်း ကျောင်းဆက်လက်တက်ရောက်ရခြင်း ဖြစ်သည်။ ကျောင်းသားများသည် ပုံမှန်အထက်တန်းကျောင်း အောင်လက်မှတ်ရရှိရန် သတ်မှတ်ထားသော စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်။ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရရှိသည့် ကလေးအတွက် ကျောင်းသားသည် အသက်အရွယ်သတ်မှတ်ချက်များနှင့် မကိုက်ညီတော့သောကြောင့် ကျောင်းသားတစ်ဦး အထက်တန်းပြီးဆုံးစေရန် ပြင်ဆင်သည့်အခါ သို့မဟုတ် ကျောင်းသား၏ အထူးပညာရေးနှင့် ဆက်စပ် ဝန်ဆောင်မှုများကို ရပ်ဆိုင်းသည့်အခါ ကျောင်းသည် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။ ထို့အပြင် ARD ကော်မတီသည် အထက်တန်းကျောင်းပြီးဆုံးခြင်းနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်အချို့ချရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

IDEA အရ သတ်မှတ်ချက် ပြည့်မီသော ကလေး သို့မဟုတ် အရွယ်ရောက်ကျောင်းသားတစ်ဦးအား ၎င်း အထက်တန်းပြီးသည်အထိ သို့မဟုတ် ပြည်နယ်ဥပဒေအရ သင့်လျော်သော အခမဲ့အစိုးရပညာရေးအတွက် အသက်သတ်မှတ်ချက်များထက် မကျော်လွန်ခင်အထိ အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ပေးအပ်ရမည်။ အဆိုပါအသက် သတ်မှတ်ချက်မှာ တက္ကဆက်တွင် အသက် 21 နှစ် သို့မဟုတ် ကျောင်းသား၏ 22 နှစ်ပြည့်မွေးနေ့ မတိုင်မီ ဖြစ်သည်။ ကျောင်းစာသင်နှစ်အတွင်း စက်တင်ဘာ 1 ရက်တွင် အသက် 21 နှစ်ပြည့်ပြီး အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ရရှိသည့် အရွယ်ရောက် ကျောင်းသားတစ်ဦးသည် ထိုကျောင်းစာသင်နှစ်အကုန်အထိ သို့မဟုတ် အထွေထွေပညာရေးကို ဆည်းပူးသူကျောင်းသားများအတွက် ချမှတ်ထားသည့် ခရက်ဒစ်သတ်မှတ်ချက်များ၊ သင်ရိုးညွှန်းတမ်း စံနှုန်းများကို ပြည့်မီခြင်းကြောင့် ပုံမှန်အထက်တန်း အောင်လက်မှတ်ဖြင့် အထက်တန်း ကျောင်းပြီးချိန် (အဆိုပါအချိန်နှစ်ခုအနက် အရင်ရောက်သော အချိန်) အထိ ဝန်ဆောင်မှုများကို ဆက်လက်ခံစားခွင့် ရှိသည်။

ပုံမှန်အထက်တန်းအောင်လက်မှတ်ရရှိခြင်း သို့မဟုတ် အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် အသက်သတ်မှတ်ချက်ကို ကျော်လွန်ခြင်းကြောင့် သင့်ကလေး သို့မဟုတ် အရွယ်ရောက်ပြီးသော ကျောင်းသား၏ အထူးပညာရေးအတွက် သတ်မှတ်ချက်ပြည့်မီမှုကို အဆုံးသတ်မည်ဆိုပါက ကျောင်းသည် ဝန်ဆောင်မှုများကို ရပ်စဲကြောင်း ကြိုတင်အသိပေးစာကို သင့်ထံပေးပို့ရမည်။ ထို့အပြင် ကျောင်းသည် ကလေး သို့မဟုတ် အရွယ်ရောက်ကျောင်းသား၏ ပညာရေး အောင်မြင်မှုနှင့် လက်တွေ့ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် အနှစ်ချုပ်ကို ၎င်းအား ပေးအပ်ရမည်ဖြစ်ပြီး ယင်းတွင် ကလေး သို့မဟုတ် အရွယ်ရောက်ပြီးသော ကျောင်းသား၏ အထက်တန်း အောင်မြင်ပြီးနောက်ပိုင်း ရည်မှန်းချက်များ ပြည့်မီစေရန် မည်ကဲ့သို့ ကူညီပေးရမည် ဆိုသည့် အကြံပြုချက်များ ပါဝင်ရမည်။

အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို လက်ခံရရှိသော ကလေး သို့မဟုတ် အရွယ်ရောက် ကျောင်းသားတစ်ဦးသည် အထွေထွေပညာရေးကို ဆည်းပူးသူ ကျောင်းသားများအတွက် ချမှတ်ထားသည့် ခရက်ဒစ် သတ်မှတ်ချက်များ၊ သင်ရိုးညွှန်းတမ်း စံနှုန်းများကို ပြည့်မီပြီး လိုအပ်သည့် ပြည်နယ် အကဲဖြတ်ချက်များကို အောင်မြင်လျှင် (ကျောင်းသားက ကြိုးစားခဲ့သော်လည်း လိုအပ်သော ပြည်နယ်အကဲဖြတ်မှု အများဆုံးနှစ်ခုတွင် ကျေနပ်လောက်သော စွမ်းဆောင်ရည်ကို မပြည့်မီခဲ့သည့် အခြေအနေများ အပါအဝင်) အထက်တန်းအောင်လက်မှတ် ရနိုင်သည်။

ပုံမှန်အထက်တန်းအောင်လက်မှတ် ရရှိသည့်အတွက် ၎င်းတို့၏ သတ်မှတ်ချက်ပြည့်မီမှု ပြီးဆုံးသွားသော အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက် ပြည့်မီခဲ့သော အထက်တန်း ကျောင်းပြီးသည့်ကျောင်းသားများအားလုံးကို ပညာရေးအောင်မြင်မှုနှင့် လက်တွေ့လုပ်ငန်းစွမ်းဆောင်ရည် အကျဉ်းချုပ်ကို ပေးရမည်။ ဤအနှစ်ချုပ်တွင် မိဘနှင့် ကျောင်းသား၏ အမြင်များနှင့် အထက်တန်း အောင်မြင်ပြီးနောက်ပိုင်း ရည်မှန်းချက်များပြည့်မီစေရန် ကျောင်းသားအား မည်သို့ကူညီပေးရမည်နှင့်ပတ်သက်၍ အရွယ်ရောက်ပြီးသူ ဝန်ဆောင်မှုအေဂျင်စီများ ရေးသားထားသော အကြံပြုချက်များကို သင့်တော်သလို ထည့်သွင်းစဉ်းစားရပါမည်။ အချို့ကျောင်းသားများအတွက် အနှစ်ချုပ်တွင် ကျောင်းသား၏ အကဲဖြတ်မှုတစ်ခုပါ ပါဝင်နိုင်သည်။

19 TAC 89.1070(b)(2) သို့မဟုတ် (b)(3)(A)၊ (B) သို့မဟုတ် (C) အရ အထက်တန်းကျောင်းပြီးဆုံးရန် သတ်မှတ်ချက်များကို ပြည့်မီသည့် အသက် 22 နှစ်အောက် ကလေး သို့မဟုတ် အရွယ်ရောက် ကျောင်းသားသည် IDEA အောက်တွင် သင့်လျော်သော အစိုးရပညာရေးကို အခမဲ့ သင်ယူခွင့်ရှိဆဲ ဖြစ်သည်။ အချို့အခြေအနေများတွင် သင့်ကလေးသည် ကျောင်းပြန် တက်နိုင်ပြီး သူ သို့မဟုတ် သူမ၏ အသက် 22 နှစ်ပြည့်သည့် စာသင်နှစ်အကုန်အထိ ဝန်ဆောင်မှုများကို ရယူနိုင်သည်။ သင့်ကလေးသည် အထက်တန်းကျောင်းပြီးဆုံးရန်အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီ၍ အောင်လက်မှတ် ရရှိပြီးနောက် ကျောင်းပြန်တက်ခွင့်ပေးရန် တောင်းခံလာလျှင် လိုအပ်သော ပညာရေးဝန်ဆောင်မှုများကို ARD ကော်မတီက ဆုံးဖြတ်ရပါမည်။

## စည်းမျဉ်းစည်းကမ်း

မသန်စွမ်းကလေးအပေါ် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများနှင့် သက်ဆိုင်သည့် အထူးစည်းမျဉ်းများ ရှိပါသည်။ ယေဘုယျအားဖြင့် မသန်စွမ်းကလေးငယ်တစ်ဦးသည် ၎င်း၏ မသန်စွမ်းမှုကြောင့် စည်းကမ်း ဖောက်ဖျက်မှုတွင် ပါဝင်ပတ်သက်ပါက ၎င်း၏ လက်ရှိပညာရေးနေရာမှ 10 ရက်ထက်ပို၍ စာသင်ကျောင်းမှ ဖယ်ရှား၍ မရပါ။ ထို့အပြင် မသန်စွမ်းကျောင်းသားတစ်ဦးနှင့်ပတ်သက်သော ဖြစ်ပေါ်လာသည့် စည်းကမ်းလိုက်နာမှုဆိုင်ရာ အခြေအနေအချို့သည် ARD ကော်မတီ အစည်းအဝေးကျင်းပရန် လိုအပ်ချက်များကို ဖြစ်ပေါ်စေသည်။

## ယာယီ ကျောင်းမှထုတ်ပယ်မှုများ

သင့်ကလေးသည် ကျောင်းသားကျင့်ဝတ်စည်းကမ်းကို ချိုးဖောက်ပါက သင့်ကလေးကို ၎င်း၏ လက်ရှိပညာရေး နေရာချထားမှုမှ ကျောင်းတာဝန်ရှိသူများက ထုတ်ပယ်နိုင်သည်။ မသန်စွမ်းမဟုတ်သည့် ကလေးများအပေါ်လည်း သက်ရောက်မှုရှိသည့် စည်းကမ်းကြပ်မတ်မှုမျိုးဖြစ်လျှင် ဤသို့ ထုတ်ပယ်မှုသည် အခြား သင့်လျော်ရာ ကြားဖြတ် အစားထိုးပညာသင်ကြားရန်နေရာ (IAES) သို့လည်းကောင်း၊ အခြားတစ်နေရာသို့လည်းကောင်း ရွှေ့ပြောင်းခြင်း သို့မဟုတ် ကျောင်းဖွင့်ရက် 10 ရက်ဆက်တိုက်ထက်မပိုသော ကျောင်းမှဆိုင်းငံ့ခြင်း ဖြစ်နိုင်ပြီး တူညီသောစာသင်နှစ်အတွင်း မလျော်မကန်အပြုအမူ နောက်တစ်ခုအတွက် နောက်တစ်ကြိမ် ဖယ်ရှားမှုသည် နေရာချထားမှုအပြောင်းအလဲကို မဖြစ်စေပါက ကျောင်းတက်ရက် 10 ရက်ထက်မပိုဘဲ ထုတ်ပယ်ခွင့်ရှိသည်။ ၎င်းကို 10 ရက်စည်းမျဉ်းဟု ဖော်ပြလေ့ ရှိသည်။

ထုတ်ပယ်မှုသည် နေရာချထားမှုဆိုင်ရာ အပြောင်းအလဲ မရှိပါက 10 ရက်ဆက်တိုက် သို့မဟုတ် ထိုထက်နည်းသော စည်းကမ်းပိုင်းဆိုင်ရာ ထုတ်ပယ်မှုများကြောင့် ARD ကော်မတီအစည်းအဝေးကို ပြုလုပ်မည် မဟုတ်ပါ။ ကျောင်းခရိုင်သည် ထိုစာသင်နှစ်တွင် စာသင်နှစ် 10 ရက် သို့မဟုတ် ထိုထက်နည်းသော လက်ရှိနေရာမှ ဖယ်ရှားခံထားရသော မသန်စွမ်းသူ သို့မဟုတ် မသန်စွမ်းမှု မရှိသော ကလေးအား ဝန်ဆောင်မှုများ မပေးနိုင်ပါ။

## စုစုပေါင်း 10 ရက် သို့မဟုတ် ၎င်းထက်ပိုသည့် ထုတ်ပယ်မှုများ

ကျောင်းစာသင်နှစ် တစ်နှစ်တည်းအတွင်း နောက်ထပ်စည်းကမ်းချိုးဖောက်မှု တစ်ရပ်အတွက် ယာယီ ကျောင်းမှထုတ်ပယ်မှု နောက်ထပ်တစ်ခုကို ကျောင်းအရာရှိများက အမိန့်ပေးချမှတ်နိုင်ပြီး ထိုထုတ်ပယ်မှုများသည် အတန်းနေရာချထားမှု အပြောင်းအလဲ မဖြစ်စေရပါ။ သင့်ကလေးအား စာသင်နှစ်တစ်နှစ်တည်းတွင် ကျောင်းဖွင့်ရက် 10 ရက်ကြာ ထုတ်ပယ်ထားပြီးဖြစ်ကာ လက်ရှိ ထုတ်ပယ်မှုသည် ကျောင်းဖွင့်ရက် 10 ရက်ဆက်တိုက်ထက် မကျော်လွန်ဘဲ နေရာချထားမှုပြောင်းလဲခြင်းမဟုတ်ပါက အခြားပတ်ဝန်းကျင် တစ်ခုတွင် ဖြစ်နေသည့်တိုင် သင့်ကလေး၏ IEP တွင် သတ်မှတ်ထားသည့် ရည်မှန်းချက်များ ပြည့်မီစေရေး တိုးတက်မှုရှိစေရန်အလို့ငှာ အထွေထွေပညာရေး သင်ရိုးညွှန်းတမ်းကို သင့်ကလေး ဆက်လက်ဆည်းပူးနိုင်စေရန် ကျောင်းက ဝန်ဆောင်မှုများ ပေးအပ်ရပါမည်။ ကျောင်းဝန်ထမ်းများသည် မည်သည့်ဝန်ဆောင်မှုများ လိုအပ်သည်ကို ဆုံးဖြတ်ရန် သင့်ကလေး၏ဆရာ အနည်းဆုံးတစ်ဦးနှင့်အတူ ဆွေးနွေးရပါမည်။ ထုတ်ပယ်ခြင်းသည် နေရာချထားမှုတွင် ပြောင်းလဲမှု ဖြစ်လျှင် IDEA သည် 34 CFR § 300.530(d)(5) အရ ARD ကော်မတီသည် သင့်လျော်သော ဝန်ဆောင်မှုများကို ဆုံးဖြတ်ရန် လိုအပ်ကြောင်းကို မှတ်သားပါ။

## နေရာချထားမှု ပြောင်းလဲခြင်း

ထုတ်ပယ်မှုသည် ကျောင်းတက်ရက် 10 ရက်ဆက်တိုက်ထက် ကျော်လျှင် သို့မဟုတ် ကလေးအား ထုတ်ပယ်မှုများစွာသည် ပုံစံတစ်ခုအသွင် ဖြစ်နေလျှင် မသန်စွမ်းကလေးကို သူ သို့မဟုတ် သူမ၏ လက်ရှိ နေရာချထား ပညာသင်ယူစေသည့် နေရာမှ ဖယ်ရှားခြင်းသည် နေရာချထားမှု ပြောင်းလဲခြင်း ဖြစ်သည်။ အောက်ပါတို့ ဖြစ်ပွားသည့်အခါ ထုတ်ပယ်မှုပုံစံတစ်ခု ဖြစ်ပေါ်သည်-

- ကျောင်းစာသင်နှစ် တစ်နှစ်တွင် စုစုပေါင်းကျောင်းတက်ရက် 10 ရက်ကျော်အထိ ထုတ်ပယ်မှုများ၊
- ကလေး၏ အပြုအမူသည် ကျောင်းထုတ်ပယ်မှုများကို အကြိမ်ကြိမ်ဖြစ်စေသည့် ယခင်က ဖြစ်ရပ်များနှင့် များစွာဆင်တူသည့်အခါနှင့်
- ထုတ်ပယ်ခံရသည့် ကြာချိန်၊ ကလေးအား ထုတ်ပယ်ထားသည့် စုစုပေါင်း ကြာချိန်ပမာဏနှင့် ထုတ်ပယ်ခံရမှု တစ်ခုနှင့်တစ်ခု နီးစပ်မှု စသည့် အခြားအချက်များ။

ထုတ်ပယ်မှုပုံစံများသည် နေရာချထားမှု အပြောင်းအလဲ ပြုလုပ်ရလောက်သည်အထိ များသည်၊ မများသည်ကို အမှုတစ်ခုချင်းအလိုက် ကျောင်းကဆုံးဖြတ်သွားမည်။ ဥပဒေနှင့်အညီ ကြားနာခြင်းနှင့် တရားရုံးတွင် ဆက်လက်လုပ်ဆောင်ခြင်းဖြင့် ထုတ်ပယ်မှုပုံစံ ဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် ပတ်သက်၍ ကျောင်း၏ ဆုံးဖြတ်ချက်ကို သင်စောဒကတက်နိုင်သည်။

နေရာချထားမှု အပြောင်းအလဲကိုဖြစ်ပေါ်စေမည့် ထုတ်ပယ်မှု တစ်ရပ်ကို ကျောင်းက အဆိုပြုလျှင် ကျောင်းဝန်ထမ်းများသည် ထိုဆုံးဖြတ်ချက်အကြောင်းကို သင့်အား အသိပေးရမည်ဖြစ်ပြီး [လုပ်ထုံးဆိုင်ရာ အကာအကွယ်ပေးမှု သတိပေးချက်မိတ္တူ (လင့်ခ်- fw.escapps.net) ]တစ်စောင်ကိုပါ ပေးအပ်ရမည်။ ၎င်းကို ကလေးအတွက် နေရာချထားရေး အပြောင်းအလဲပြုလုပ်ရန် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့စွဲတွင် အပြီးသတ်လုပ်ဆောင်ရမည်။ ထို့အပြင် မသန်စွမ်းမှုကြောင့် ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက်ဟု ခေါ်ဆိုသည့် လုပ်ဆောင်ချက်ကို ဆောင်ရွက်ရန် ကျောင်းသည် ARD ကော်မတီအစည်းအဝေးကို ပြုလုပ်ရမည်။ ကလေး၏ နေရာချထားမှုကို ပြောင်းလဲရန် ပြုလုပ်ထားသည့် ဆုံးဖြတ်ချက်လုပ်သည့် ရက်စွဲ၏ ကျောင်းတက်ရက် 10 ရက်အတွင်း မသန်စွမ်းမှုကြောင့် ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက် အစည်းအဝေးကို ပြုလုပ်ရမည်။

## မသန်စွမ်းမှုကြောင့် ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက်

မသန်စွမ်းမှုကြောင့်ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက်ကို ပြုလုပ်သည့်အခါ ARD ကော်မတီသည် IEP၊ ဆရာမှန်သမျှ၏ လေ့လာသုံးသပ်ချက်များနှင့် သင် ပေးအပ်ထားသည့် သက်ဆိုင်ရာ အချက်အလက် တစ်ခုခု အပါအဝင် သင့်ကလေး၏ ဖိုင်ရှိ ဆက်စပ် အချက်အလက်အားလုံးကို ပြန်လည်သုံးသပ်ပြီး ဆုံးဖြတ်ရမည်-

- မေးခွန်းထုတ်စရာဖြစ်သည့် အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် ဖြစ်ပွားလျှင် သို့မဟုတ် မသန်စွမ်းမှုနှင့် တိုက်ရိုက် အချိုးကြီးမားစွာ ဆက်စပ်မှုရှိလျှင် သို့မဟုတ်
- မေးခွန်းထုတ်စရာဖြစ်သည့် အပြုအမူသည် ကျောင်းက IEP ကို အကောင်အထည်ဖော်ရန် ပျက်ကွက်မှု၏ တိုက်ရိုက် အကျိုးသက်ရောက်မှုကြောင့်ဖြစ်လျှင်။

အကယ်၍ ARD ကော်မတီသည် အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီကြောင်း ဆုံးဖြတ်လျှင် အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့်ဖြစ်သည်။ အကယ်၍ ARD ကော်မတီသည် မည်သည့်အခြေအနေ နှင့်မျှ မကိုက်ညီကြောင်း ဆုံးဖြတ်လျှင် အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် မဟုတ်ပါ။

## အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့်ဖြစ်လျှင်

အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့်ဖြစ်လျှင် ARD ကော်မတီသည် အောက်ပါလုပ်ဆောင်ချက်တစ်ခုခုကို ဆောင်ရွက်ရမည်-

- နေရာချထားမှု အပြောင်းအလဲဖြစ်စေသည့် အကျိုးရလဒ်ကိုဖြစ်စေသော အပြုအမူမတိုင်မီ ကျောင်းက FBA ကို ဆောင်ရွက်ထားခြင်းမရှိလျှင် အခြေခံပြုမူလုပ်ဆောင်ပုံဆိုင်ရာ အကဲဖြတ်ချက် (**FBA**) တစ်ရပ်ကို လုပ်ဆောင်ပြီး BIP ကို အကောင်အထည်ဖော်ပါ သို့မဟုတ်
- BIP တစ်ရပ်ကို အကောင်အထည် ဖော်ထားပြီးဖြစ်လျှင် အပြုအမူကို ထိန်းကျောင်းပြုပြင်ရန် BIP ကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ချိန်ညှိပြင်ဆင်ပါ။

ထို့အပြင် အောက်ပါ အခြေအနေတစ်ခုခုမရှိလျှင် ARD ကော်မတီသည် သင့်ကလေးအား ဖယ်ရှားထားသည့် နေရာချထားမှုသို့ သင့်ကလေးကို နေရာပြန်ပေးအပ်ရမည်-

- သင့်ကလေး၏ BIP ပြင်ဆင်ချိန်ညှိမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် နေရာချထားမှု အပြောင်းအလဲလုပ်ရန် သင်နှင့်ကျောင်းတို့ သဘောတူထားလျှင် သို့မဟုတ်
- ကျောင်းသားကျင့်ဝတ်ကို သင့်ကလေး၏ ချိုးဖောက်မှုတွင် အောက်ဖော်ပြပါ အထူးအခြေအနေများအနက် တစ်ခုပါဝင်နေလျှင်။

သင့်ကလေး၏လုပ်ရပ်သည် IEP ကို ကျောင်းက အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသည်ဟု ARD ကော်မတီက ကောက်ချက်ချလျှင် ကျောင်းသည် ပျက်ကွက်မှုများကို ကုစား ဖြေရှင်းရန် ချက်ချင်းလုပ်ဆောင်ရမည်။

## အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့် မဟုတ်သောအခါ

အပြုအမူသည် သင့်ကလေး၏ မသန်စွမ်းမှုကြောင့်မဟုတ်လျှင် ကျောင်းဝန်ထမ်းများသည် သင့်လျော်သော ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်မှလွဲ၍ အခြားကလေးများနည်းတူ သင့်ကလေးကိုလည်း စည်းမျဉ်းစည်းကမ်းအရ အရေးယူသွားပါမည်။ ကလေး၏ ARD ကော်မတီသည် ကလေးအား ပြစ်ဒဏ်ကျခံစေမည့် IAES ကို ဆုံးဖြတ်သွားပါမည်။

## အထူး အခြေအနေများ

အကယ်၍ သင့်ကလေးသည် အောက်ပါအပြုအမူတို့ကို ပြုလုပ်ခဲ့လျှင် ထိုအပြုအမူသည် သူ သို့မဟုတ် သူမ၏ မသန်စွမ်းမှုကို သရုပ်ပြခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျောင်းဝန်ထမ်းများက သင့်ကလေးကို IAES အတွက် 45 ရက်အထိ ကျောင်းမှထုတ်ပယ်သွားမည်-

- ကျောင်း၌၊ ကျောင်းဝင်းတွင်း၌ သို့မဟုတ် ကျောင်းနှင့်ဆက်စပ်သည့် ဆောင်ရွက်မှုတစ်ခု၌ ရှိစဉ်အတွင်း လက်နက်ကိုင်ဆောင်ခြင်း သို့မဟုတ် လက်ဝယ်ပိုင်ဆိုင်ခြင်း၊
- ကျောင်း၌၊ ကျောင်းဝင်းတွင်း၌ သို့မဟုတ် ကျောင်းနှင့် ဆက်စပ်သည့် လုပ်ငန်းဆောင်တာကို ဆောင်ရွက်နေစဉ်အတွင်း တရားမဝင် ဆေးဝါးများကို သိလျက်နှင့် လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် မူးယစ်ဆေးဝါးများကို ရောင်းချခြင်း သို့မဟုတ် ရောင်းချပေးရန် တောင်းဆိုခြင်း သို့မဟုတ်
- ကျောင်း၌၊ ကျောင်းဝင်းတွင်း၌ သို့မဟုတ် ကျောင်းနှင့် ဆက်စပ်သည့် လုပ်ငန်းဆောင်တာကို ဆောင်ရွက်နေစဉ်အတွင်း အခြားသူအား ပြင်းထန်ဆိုးရွားသည့် ကိုယ်ခန္ဓာထိခိုက်မှု ဖြစ်စေခြင်း။

ARD ကော်မတီသည် ကလေးအား ပြစ်ဒဏ်ကျခံစေမည့် IAES ကို ဆုံးဖြတ်သွားပါမည်။

## အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများအတွက် အရည်အချင်းပြည့်မီကြောင်း မဆုံးဖြတ်ရသေးသည့် ကလေးများအတွက် အကာအကွယ်များ

အထူးပညာရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများ ရရှိရန်အတွက် သင့်ကလေးမှာ အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်ခံထားရသော်လည်း ကျောင်းသားကျင့်ဝတ်ကို ချိုးဖောက်သည့်အပြုအမူတွင် ပါဝင်ခဲ့ပြီး ထိုသို့ မဖြစ်ပွားမီတွင် သင့်ကလေးတွင် မသန်စွမ်းမှုရှိကြောင်း ကျောင်းက သိရှိထားခဲ့လျှင် သင့်ကလေးသည် IDEA ရှိ လုပ်ထုံးဆိုင်ရာ အကာအကွယ်ပေးမှုများကို ခံစားခွင့်ရှိပါသည်။ ယခုခေါင်းစဉ်နှင့်စပ်လျဉ်းသော [အပ်ဆောင်းအချက်အလက်ကို လုပ်ထုံးဆိုင်ရာ အကာအကွယ်ပေးမှု သတိပေးချက် (လင့်ခ်- fw.escapps.net)](fw.escapps.net) တွင် ရယူနိုင်သည်။

## အမြန်ဆောင်ရွက်ပေးသည့် ဥပဒေနှင့်အညီ ကြားနာမှု

IAES သို့မဟုတ် မသန်စွမ်းမှုကြောင့် ဖြစ်ခြင်းဟုတ်၊ မဟုတ် ဆုံးဖြတ်ချက် ဆုံးဖြတ်ချက်တစ်ရပ် ပြုလုပ်ရာတွင် နေရာချထားမှုနှင့်ပတ်သက်၍ ချမှတ်သည့်ဆုံးဖြတ်ချက်ကို သင်သဘောမတူလျှင် အမြန်ဆောင် ရွက်ပေးသည့် ဥပဒေနှင့်အညီ ကြားနာမှုတစ်ရပ်ကို သင်တောင်းခံနိုင်သည်။ ကလေး၏ အပြုအမူမှာ သူ သို့မဟုတ် သူမ၏ မသန်စွမ်းမှုသရုပ်ပြမှု တစ်ရပ်သာဖြစ်ကြောင်း ARD ကော်မတီက ဆုံးဖြတ်ပြီးနောက် ကျောင်းက သင့်ကလေး၏ ကျောင်းပြန်တက်ရောက်နိုင်ကြောင်းကို အကဲစမ်းစောဒကတက်လိုပါက ဥပဒေနှင့်အညီ ကြားနာမှုတစ်ရပ်ကို ကျောင်းက တောင်းခံနိုင်ပါသည်။

## အငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း

တစ်ခါတစ်ရံ၌ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ ပညာရေးဆိုင်ရာ နေရာချပေးမှု သို့မဟုတ် မသန်စွမ်းမှုရှိသော သင့်ကလေးထံသို့ FAPE ပံ့ပိုးပေးခြင်းတို့နှင့် ဆက်စပ်၍ အငြင်းပွားမှုများ ဖြစ်ပွားတတ်ပါသည်။ သဘောထားကွဲလွဲမှုများ ဖြစ်ပွားပါက မတူညီကွဲလွဲမှုများကို အရှိအတိုင်း ဖြေရှင်းနိုင်ရေး ကျောင်းဝန်ထမ်းနှင့်အတူ လက်တွဲဆောင်ရွက်ရန် သင့်ကို လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ မိဘများအတွက် ကမ်းလှမ်းထားသည့် အငြင်းပွားမှု ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများကို ကျောင်းအား မေးမြန်းနိုင်သည်။ TEA သည် အထူးပညာရေးဆိုင်ရာ သဘောထား မတိုက်ဆိုင်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တရားဝင်ရွေးချယ်စရာလေးခုကို ကမ်းလှမ်းထားပါသည်- ပြည်နယ် IEP ညှိနှိုင်းဆောင်ရွက်မှု၊ ကြားဝင်ဖျန်ဖြေပေးသည့် ဝန်ဆောင်မှုများ၊ အထူးပညာရေးဆိုင်ရာ တိုင်ကြားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်နှင့် ဥပဒေနှင့်အညီ ကြားနာမှုအစီအစဉ်တို့ ဖြစ်ပါသည်။

TEA ၏ အငြင်းပွားမှုဖြေရှင်းရေး နည်းလမ်းများနှင့် စပ်လျဉ်းသော အချက်အလက်ကို [လုပ်ထုံးလုပ်နည်းဆိုင်ရာ အကာအကွယ်ပေးမှု သတိပေးချက် (လင့်ခ်-fw.escapps.net)](fw.escapps.net) တွင် ရယူနိုင်သည်။ အထူးပညာရေးဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးနှင့် စပ်လျဉ်းသော ဖြည့်စွက်အချက်အလက်ကို TEA ၏ ဝက်ဘ်ဆိုက် [(လင့်ခ်-bit.ly/3bL6n73)](bit.ly/3bL6n73) တွင် တွေ့ရှိနိုင်သည်။

## အပိုဆောင်း အကူအညီ

ဤစာရွက်စာတမ်းပါ အတိုကောက်စာလုံးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် စာရင်းအပြည့်အစုံကို ဥပဒေရေးရာ မူဘောင်ဝက်ဘ်ဆိုက် [(လင့်ခ်-bit.ly/3oIsKNS)](bit.ly/3oIsKNS) တွင် ရရှိနိုင်သည်။

ဤစာရွက်စာတမ်းများ၏ မိတ္တူများကို SPEDTex ဝက်ဘ်ဆိုက် [(လင့်ခ်- bit.ly/3qorCzg)](bit.ly/3qorCzg) တွင် အခြားဘာသာစကားများဖြင့် ရရှိနိုင်သည်။

သင်သည် မိတ္တူတစ်စောင်ကို ကျောင်း၏အတိုင်ပင်ခံ သို့မဟုတ် ကျောင်း၏ အထူးပညာရေးဌာနထံတွင်လည်း တောင်းခံနိုင်ပါသည်။